
www.burmeseclassic.com



www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com



## အခန်း(၁)

နွေမနက်ခင်းလေးသည်. . . ငြိမ်ငြိမ်ကလေး ရှိနေသည်။ တိတ်ဆိတ်ခြင်းက ထိုငြိမ်သက်နေသော. . . မနက်ခင်းထဲတွင်. . . မိန့်မိန့်ကြီး ထိုင်ကာနေသည်။ ထို့ကြောင့်. . . နွေဦးမောင်တို့ အိမ်လေးသည်. . . ငြိမ်ပြီး တိတ်ခါ နေသည်။ ဒီလိုငြိမ်တိတ်နေသော အိမ်ထဲမှာပင်. . . နွေဦးမောင် အိပ်ရာမှ နိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်(၇)နာရီ၏ နေသည်. . . သူ့ပြူတင်းမှာ. . . သန့်သန့်ရှင်းရှင်းကလေး လင်းနေပြီဖြစ်သည်။ နွေဦးမောင် အကြောတစ်ချက် ဆန့်သည်။ သူ့အမေ ဖျော်ထားသော ကော်ဖီတစ်ခွက်ကို. . . သောက်လိုက်ရရင် ကောင်းမှာပဲဟု သူတွေးမိသည်။ သူ အိပ်ခန်းထဲက ထွက်လာတော့. . . မေမေက သူ့ကို. . . အပြုံးနှင့် လှမ်းမေးသည်။

"သား. . . ကော်ဖီသောက်တော့မှာလား!"

"ဟုတ်ကဲ့ မေမေ၊ မေမေပဲ ဖျော်နော်. . . ကျွန်တော် ဓာတ်ပုံကူးခန်းထဲမှာ ရှိနေမယ်. . . မေမေ ဖျော်ပြီးရင်. . . အောင်မော်နဲ့ ကိုပေါက် တစ်ယောက်ယောက်ကို ပို့ခိုင်းလိုက်"

မေမေသည်. . . အပြုံးနှင့်သာ ကျန်ခဲ့သည်။ အေးအေးဆေးဆေး စားနိုင်ပါလျက်နှင့်. . . ဓါတ်ပုံဝါသနာပါသည့် သူ့သားကို. . . သနားနေမိသည်။ ဟိုနေရာ ပြေးလိုက်. . . သည်နေရာ ရပ်ရဖြင့် မနိုင်ဝန်ထမ်းကာ. . . ဒုက္ခခံနေရသော. . . အလုပ်မျိုးကို. . . တစ်ဦးတည်းသော. . . သူ့သားလေးကို. . . မလုပ်စေချင်ပါ။ ဒါပေမယ့်. . . သားက. . . ဓါတ်ပုံရိုက်ရလျှင်. . . ပျော်ကာနေသည်။ လူတစ်ယောက် ဝါသနာတစ်မျိုးဆိုတော့. . . သူလည်း စိတ်လျှော့ကာ နေသည်။ ပျော်သည့်အလုပ်ကို မတားမြစ်ဘဲ . . . ခွင့်ပြုထားခဲ့သည်။

ကင်မရာတွေ ဘယ်နှစ်လုံးဝယ်ဝယ်၊ အိမ်အောက်ထပ်မှာ. . . ခမ်းခမ်းနားနား ဆိုင်ခန်းကို သားသဘောအတိုင်း. . .





ဘယ်လိုပဲ ဆောက်ဆောက်၊ သူသည်. . . သူ့သားကလေးကို. . . အခုပြုံးသလိုပဲ. . . ပြုံးကြည့်နေခဲ့ပါသည်။

သားတစ်ယောက် ပျော်ရွှင်နေလျှင်. . . ပြုံးပြီး မကြည့်သော မိခင်သည်. . . ဤကမ္ဘာတွင် ရှိလိမ့်မည် မထင်ပါ။

နွေဦးမောင် အခန်းထဲ ဝင်၍ ဖလင်ဆေးသည်။ ပြီးတော့. . . ပုံကူးရန် ထိုင်သည်။ သူ မနေ့က ရိုက်ထားသော ပုံတွေထဲမှာ. . . ဘယ်ပုံတွေ အကောင်းဆုံး ဖြစ်မလဲဟုလည်း. . . စိတ်စောနေမိသည်။ ထိုအချိန်တွင်ပင်. . . အောင်မော်၏အော်သံကို ကြားရသည်။

"နွေဦးရေ. . . ကော်ဖီ"

"အေး. . . အပြင်မှာပဲ ထားခဲ့. . . ငါ ဖလင်ဆေးပြီးရင် ထွက်လာခဲ့မယ်. . ."

မေမေ ဖျော်သော ကော်ဖီသည်. . . ဆိမ့်ဆိမ့်နှင့် နွေးနွေးကလေး ဖြစ်နေမှာ. . . သေချာပါသည်။ နွေဦးမောင်သည်. . . သူကူးနေသော ဖလင်နှင့်. . . ကော်ဖီတစ်ခွက်ကြားမှာ. . . ဗျာများလျက်ရှိ၏။ ဒါပေမယ့်. . . သူ့အလုပ်ထဲကိုသာ အာရုံနှစ်လိုက်သည်။ ပုံတွေကို ကူးပြီးသွားတော့. . . သူ့ကွန်ပျူတာထဲ ထည့်ကာဖတ်သည်။ ဖြစ်နိုင်လျှင်တော့. . . ဒီပုံတွေကို တစ်ပုံမှ. . . သူမပေးချင်ပါ။ သူ့စိတ်ကြိုက်. . . တစ်ပုံမှ မရ။

ငါဟာ. . . တော်တော် ညံ့သေးပါလားဟု. . . သူ့ကိုယ်သူ စွဲချက်တင်ပစ်လိုက်သည်။ ထိုအချိန်မှာပင်. . . အိမ်ရှေ့ သူ့ဓါတ်ပုံဆိုင် အခန်းကလေးထဲက. . . ဆူဆူညံညံအသံများ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မော်က. . . သူ့တံခါးကို အတင်းထုပြီး အော်ပြောသည်။

"နွေဦးမောင်ရေ. . . နွေဦး. . . ဆိုင်ရှေ့မှာ ပြဿနာ တက်နေပြီကွာ. . . မင်းလာရှင်းပါဦး. . ."

သူ စိတ်ညစ်ညစ်ဖြင့်. . . ထရပ်ပြီး သူ့ဓါတ်ပုံဆိုင်ခန်းသို့. . . တံခါးဖွင့်ကာ. . . ထွက်သည်။ အပြင်ကိုရောက်တော့. . . လူသုံးဦးကို တွေ့ရသည်။ နှစ်ဦးက. . . မိုက်တိမိုက်ကန်းပုံစံရှိပြီး. . တစ်ဦးကတော့. . . သူ့ဗီရို ရှိုးကေ့စ်ကို လက်ထောက်ကာ. . . သူ့ကို ခေါင်းတညိတ်ညိတ်နှင့် ကြည့်သည်။

"ဘာဖြစ်ကြလို့လဲခင်ဗျာ. . . ကျွန်တော် ဘာကူညီရမလဲ!"

"ငါ နိုင်ငံခြား သွားမှာကွ. . ."

နွေဦးလည်း ခဏတော့ ကြောင်သွားသည်။

"ဟုတ်ကဲ့ခင်ဗျ. . . သွားပါ သွားပါ"

"အေး. . . ငါ နိုင်ငံခြားကို သွားဖို့ နိုင်ငံခြားသွားခွင့် Passport ကို. . . မင်းတို့ဆီမှာ ယုံယုံကြည်ကြည်နဲ့ လာရိုက်တာ. . . မင်းတို့က ငါ နိုင်ငံခြားကို မသွားရအောင်. . . တမင်လုပ်နေတာလား. . . ! ဟောကောင်. . . နိုင်ငံခြားကွ. . . နိုင်ငံခြား. . ."

"ကျွန်တော်. . . ဘာမှမသိရပါလား ဦးလေး. . ဘာများ မှားလို့လဲ. . .!"

"ဟောကောင်. . . ငါ့ကို ဦးလေးလို့ မခေါ်နဲ့. . ကိုကိုလို့ ခေါ်"





"ဟုတ်ကဲ့ ဦးကိုကို. . . ကျွန်တော် ဘာများ အကူအညီ ပေးနိုင်မလဲ. . .!"

"ဦး မပါဘူးလို့. . . ငါပြောနေတယ်နော်. . ."

ထိုအချိန်တွင်. . . အောင်မော်က သူ့နားထင်ကို. . . လက်ညှိုးနှင့် ထောက်ခါ. . . လက်ငါးချောင်းစလုံး ခါကာပြ၏။

မွေးကတည်းက. . . အားနာတတ်သော. . နွေဦးမောင်သည်. . . ဒီပြဿနာကို. . . ဘယ်လိုရှင်းရမှန်း မသိဘဲ. . . တော်တော် အခက်တွေ့နေသဖြင့် သူ့စားပွဲခုံပေါ်တွင် တင်ထားသော. . မေမေ ဖျော်ပေးထားသည့်. . . ကော်ဖီခွက်ကို. . . တစ်ငုံသောက်လိုက်သည်။

"ဟေ့ကောင်. . . ကော်ဖီသောက်မနေနဲ့ကွ. . . နိုင်ငံခြားကွ. . . မင်းတို့ဆိုင်မှာ လာရိုက်တဲ့ ဓါတ်ပုံကို ဟောဒီမှာ. . . မင်းပဲကြည့်. . . ဒီပုံကို ဘယ်လိုလုပ် Passport မှာ ကပ်လို့ရမှာလဲ. . .! နိုင်ငံခြား သွားမယ့်သူကို မင်းတို့ ဒါမျိုးလုပ်လို့ရမလား. . .!"

နွေဦးမောင်. . . အူကြောင်ကြောင်နှင့် ယူကြည့်တော့. . ထိုလူပြသော P/C ပုံသည်. . . တစောင်းကြီး ဖြစ်ကာနေ၏။ ပထမတော့ သူရယ်ချင်သွားသည်။ ဒါပေမယ့် အားနာတတ်သူ ဖြစ်သဖြင့်. . . သူ့ရယ်သံကို. . . အားနာသည့်စိတ်က. . . အသံတိတ်အောင်. . . လုပ်ပစ်လိုက်သည်။

"ဒီပုံက. . . ကျွန်တော် ရိုက်တာ မဟုတ်ဘူးဗျ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . မင်းမဟုတ်ဘူး. . . အသားညိုညို နှုတ်ခမ်းမွေးနဲ့ လူတစ်ယောက်. . . ငါ့ကို ရိုက်ပေးတာ. . . ပျော်ဘွဲ့ကောင်နှစ်ကောင်လည်း. . . အဲဒီနေ့က ရှိတယ်"

အောင်မော်နှင့် ကိုပေါက်သည်. . . တစ်ဖက်သို့ လှည့်ကာသွားသည်။ ဒီလောက်ဆိုလျှင်. . . ထိုဓါတ်ပုံကို ရိုက်သူသည်. . . သူ့ဦးလေး ဖြစ်မှန်း. . . နွေဦးမောင် သိပါပြီ။ မနေ့က. . . သူအောက်ဒိုး ထွက်ရိုက်နေသည့်အချိန်တွင် ဖြစ်လိမ့်မည်။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ. . . ခုဓါတ်ပုံကို မီးလည်း လာနေတုန်း (၁၀)မိနစ်အတွင်း ရိုက်ပေးပါ့မယ်၊ ပြီးတော့. . . တစ်ခါထဲ ကွန်ပျူတာထဲမှာ Scan ဖတ်ပြီး. . . ကိုကို့စိတ်ကြိုက် ကူးပေးလိုက်ပါ့မယ်၊ အဲဒါဆိုရင်. . . ကျေနပ်ပြီမဟုတ်လား. . ."

"အေး. . . ဒီလိုဖြစ်သင့်တာပေါ့ကွ. . . ငါက နိုင်ငံခြားသွားမှာ. . . နိုင်ငံခြားကွ. . . နိုင်ငံခြား. . . အဲ့ဒီအတွက် ကျသင့်ငွေက ဘယ်လောက်လဲ. . .!"

"မလိုပါဘူးခင်ဗျာ. . . ကျွန်တော့်ဘက်က မှားတဲ့အတွက်. . . ကျွန်တော် အခမဲ့ပဲ ပြန်ကူးပေးပါ့မယ်. . . ဦးလေး. . . အဲ. . . ကိုကို. . . အခန်းထဲသာ ဝင်ပါ"

"အေး. . . ဒါမျိုးဖြစ်ရမယ်. . မင်းတော်တယ်. . မနေ့က အသားမဲမဲနဲ့ လူကတော့ တော်တော် ရှော်





တယ်. . ."

"အဲဒါ. . . ဦးလေးပါ"

"ငါ့ကို ဦးလေးလို့ မခေါ်နဲ့လို့ ငါ ပြောထားပြီးပြီ မဟုတ်လား"

"မဟုတ်ပါဘူးခင်ဗျာ. . ဦးလေး. . . အဲ. . . ကိုကို့ကို ရိုက်ပေးတဲ့လူက ကျွန်တော့်ဦးလေးအရင်းပါ. . . ဒီခုံမှာ ထိုင်နေ်. . . ပြီးတော့ မျက်နှာကို ပြုံးပြုံးကလေးထား. . . နိုင်ငံခြား သွားမှာဆိုတော့. . . ခန့်ခန့်ညားညားနဲ့လှမှ ဖြစ်မှာ. . . ကိုကိုက လှပြီးသားပဲ"

ထိုဦးလေးကြီးက. . . ခန့်ခန့်ညားညား ဝင်ကာထိုင်သည်။ နွေဦးမောင်လည်း အားနာစိတ်၊ မခံချင်စိတ်တို့ဖြင့်. . ပြီးတော့ . . သူ့ပုံကို သုံးပုံလောက် ရိုက်ပစ်လိုက်သည်။ သူဝါသနာပါသော . . . အလုပ်မှာ. . . ဒီလိုပဲ အဆင်မပြေမှုလေးတွေ ရှိတတ်ပါသည်။ ဒါပေမယ့်. . . သူပျော်ပါသည်။ ထိုလူကြီးလည်း. . . ပျော်ရွှင်ကာသွားသည်။ အောင်မော် Computer နှင့် ထုတ်ပေးသောပုံများထဲမှ သူ၏ P/C ဓါတ်ပုံအား ကြည့်ကာ. . . တော်တော် ပျော်ရွှင်ကျေနပ်သွားပုံရ၏။

"ဒါမျိုးဖြစ်ရမှာပေါ့ကွ. . . နိုင်ငံခြား သွားမယ့်လူဆိုတာ ဒီလိုရုပ်မျိုးနဲ့မှ အဆင်ပြေမှာ. . ."

"ဟုတ်ကဲ့. . . ကျွန်တော့်ဆိုင်ကို အားပေးတဲ့အတွက် ကျွန်တော်က ကျေးဇူးတင်ပါတယ်. . ဦးလေး. . . အဲ. . . ကိုကိုလည်း ကျေနပ်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင်. . . ဝမ်းသာပါတယ်"

ထိုအချိန်တွင်. . . နွေဦးမောင်နှင့် ချိန်းထားသော Model ကောင်မလှလှလေး သုံးယောက် ဝင်လာသည်။ သူတို့သုံးယောက် စလုံးက. . . ဂျာနယ်နှင့် မဂ္ဂဇင်းများတွင်. . . အလှဓါတ်ပုံများ ထည့်ရန်အတွက်. . . သူ့ကို ဓါတ်ပုံရိုက်ရန် ချိန်းထားကြခြင်း ဖြစ်သည်။ မိန်းကလေးဆိုတော့လည်း. . . မဂ္ဂဇင်းနှင့် ဂျာနယ်များ တွင်. . . ဓါတ်ပုံလှလှ ပါချင်ကြသူချည်းပင် ဖြစ်သည်။

သူတို့က. . . အေးအေးသက်သာပင် ခုံတွင် ဝင်ထိုင်ကြ သည်။ ပြီးတော့ သူ့ကို. . . အပြုံးနှင့် လှမ်းကာမေးသည်။

"ကိုနွေဦးမောင်. . . အဆင်သင့်ပဲလားရှင့်. . . !"

"ကျွန်တော်. . . အဆင်သင့်ပါပဲ. . . ဒါပေမယ့် ဒီတစ်ယောက်က မိတ်ကပ် နည်းနည်းများနေတယ် ထင်တယ်. . ."

အောင်မော်နှင့် ကိုပေါက်က. . . ကောင်မလေးတွေကို အားနာကာ. . . ဟိုဟာရှာ. . . သည်ဟာရှာ. . . လုပ်နေကြသည်။

"မဆိုးပါဘူးကွာ. . . အကုန်လုံး လှကြပါတယ်၊ ကိုယ်တောင် နိုင်ငံခြား သွားမယ့်ကိစ္စကို. . . မိတ်ကပ် ပါးပါးလေး လိမ်းပြီး ဓါတ်ပုံရိုက်ခဲ့တာပဲ၊ Passport နဲ့ Visa နဲ့ဆိုတော့. . . နိုင်ငံခြားမှာ ပြရရင်. . . မလှ လို့ မရဘူးလေ. . ."

"ဦးလေးဓါတ်ပုံ စိတ်တိုင်းကျပြီဆိုရင်လည်း သွားလို့ရပါပြီခင်ဗျာ"

ကိုပေါက်က. . . ဝင်ပြောသဖြင့်. . . နွေဦး တော်တော် အားနာသွားသည်။ ထိုလူကြီးလည်း. . . မျက်နှာ တော်တော်ပျက် သွားသည်။ နွေဦးမောင်၏အားနာတတ်သော အကျင့်သည်. . . ငယ်စဉ်ကတည်းက စွဲလာခဲ့သော အကျင့်တစ်ခု ဖြစ်သည်။

"ဟော့ကောင် ပေါက်ပေါက်. . . မင်း လူကြီးကို ဒီလိုမပြောရဘူးကွ"

ဒီတော့မှ ထိုလူကြီးက ဒေါသဖြစ်သွားသည်။

"ငါ. . . ဒီ. . . လူကြီးမဟုတ်ဘူးကွ. . . ငါ့ကို ကိုကိုလို့ ခေါ်လို့ ပြောထားပြီးပြီ. . . မဟုတ်လား. ."

သူ့စကားဆုံးတော့မှ. . . ဓါတ်ပုံရိုက်ခံမည့် ကောင်မလေး သုံးယောက်က တစ်ယောက်နှင့်တစ်ယောက် ကြည့်ကာ. . . သူတို့ နှုတ်ခမ်းလေးများကို လက်ဖြင့် အုပ်ကာ ရယ်သည်။ ရယ်သံဆိုသည် မှာ. . . ဘယ်လောက်တိုးတိုး. . . လူတစ်ယောက်၏ နှလုံးသား ကို. . . ရှက်သွားအောင်. . . တိုက်ခိုက်နိုင်စွမ်း ရှိပါသည်။

ထိုရယ်သံတိုးတိုးကြောင့် နွေဦးမောင် စိတ်ညစ်နေရ သော. . . ထိုလူကြီးသည်. . . ရှက်ခြင်း၏တွန်းကန်အားကို မခံနိုင် ဘဲ. . . ဆိုင်အပြင်သို့ ထွက်သွားသည်။

"အားနာလိုက်တာဗျာ. . ."

"ဆရာ. . . ကျွန်မတို့ကို ဘာမှ အားနာစရာ မလိုပါဘူး. . ."

"မဟုတ်ဘူးဗျ. . ဟိုလူကြီးကို အားနာတာ. . ဒီက. . . ခင်ဗျားတို့ ရယ်လိုက်တော့. . . သူရှက်ပြီး



www.burmeseclassic.com

ထွက်တာကို အားနာတာ. . . ”

“နွေဦးမောင်. . . မင်းကလည်းကွာ. . . နေရာတကာ ဟိုအားနာ. . . သည်အားနာနဲ့. . . ဒီလောက်ရှုပ်နေတဲ့လူကြီးကို. . . ရယ်သံနဲ့ ထုတ်ပစ်လိုက်တာမကောင်းဘူးလား. . . !”

ထိုစကားသံကြောင့်. . . နွေဦးမောင် ပို၍အားနာသွားသည်။ ဒီတစ်ခါ အားနာတာတော့. . . ခုနက. . . အသံတိုးတိုးကလေးနှင့် ရယ်လိုက်သော. . . တော်တော်လှသည့် ကောင်မလေးသုံးယောက်ကို ဖြစ်ပါသည်။

“နွေဦး. . . ငါ မီးချိန်ပေးထားရမလား. . . !!”

“မချိန်နဲ့ကွာ. . . ငါ အင်ဒိုးမရိုက်ချင်ဘူး. . . အောက်ဒိုးပဲ ရိုက်ချင်တယ်. . . ဆောင်းမနက်ခင်းနေလေးက မလှဘူးလား! ခင်ဗျားတို့အလှနဲ့. . . ဆောင်းမနက်ခင်း နေရဲ့အလှကို ပေါင်းလိုက်ရင် ကျွန်တော့်အတွက်. . . ဓါတ်ပုံကောင်းတွေ ရမှာပဲ”

“ရှင်. . . !”

“ကျွန်တော်တို့အိမ် ဟိုဘက်နားက. . . ပန်းခြံလေးထဲမှာ ရိုက်ချင်ပါတယ်. . . ပြီးတော့. . . ဒီသုံးယောက်စလုံးကို ကျွန်တော် ဓါတ်ပုံရိုက်ခငွေ မယူဘူးဆိုတာ. . . ကြိုပြောထားချင်ပါတယ်. . . ကျွန်တော်က ငွေလိုချင်လို့ ဓါတ်ပုံရိုက်တဲ့လူ မဟုတ်ဘူး. . . ဝါသနာအရ ဓါတ်ပုံရိုက်တာပါ. . . ကျွန်တော် ရိုက်



. ချမ်းသာသောကောင်လေးတစ်ယောက်

ပေးတဲ့ ဓါတ်ပုံ့ပြေဟု. . . မည်သူကမျှ. . . မတား. . . ။

လုံး ပျော်ကြတင ဓါတ်ပုံရိုက်ခြင်းကိစ္စ ပြီးလျှင်. . . သူ

နွေဦးမောင် စကာ-မှာ. . . ဧပရယ် ဖြစ်သည်။

က. . . ခေါင်းကို ခါသည်။ ေ

တသြ နွေဦးမောင်ကို ကြည့်နေ

လိမ့်ဟု. . . သူတို့စိတ်ထဲမှာ တွေးနေ

“အဲ့လိုမျိုး မလုပ်နဲ့ ဆရာ

“ကဲ. . . သမီးတို့

ကောင်က သူ့အဖေဂ

ကောင်. . . သူ့ဆန္ဒ

စားပေးလိုက်ကြပါ.

ရုတ်တရက် ဝင်လာ

မိခင်စကားကြောင့်. . . ကော

ဘဲ. . . အပြင်သို့ ထွက်သွားကြ

သော ကင်မရာနှင့် ပစ္စည်းများက်

အောင်မော်ကို ခေါ်၍. . . အိမ်ပြ

မဂ္ဂဇင်းနှင့် ဂျာနယ်များတ

သူတို့ကို လူ. . ဂရုစိုက်

သူတို့ကို ဓါတ်

သမားဝေ

နိုင်သည်

www.burmeseclassic.com







## အခန်း(၂)

သူငယ်ချင်းသုံးယောက်. . . အတူတူလမ်းလျှောက်နေရာမှ. . . ပေရယ်က ရုတ်တရက်. . . အရှိန်ကို မြှင့်ကာ. . . ရှေ့သို့ ထိုးထွက်သွားသည်။ သူငယ်ချင်းနှစ်ဦး. . . တစ်ဦးနှင့်တစ်ဦး. . . လှည့်ကြည့်ရင်း. . . ပေရယ့်ကို မှီအောင်. . . အမြန်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဧပရယ်. . . မင်းဘာဖြစ်သွားတာလဲ!"

သီရိက. . . သိသိကြီးနှင့် တဲ့ဒိုးမေးသည်။ ဧပရယ်ကတော့ နဂိုကမှ ထော်နေသော နှုတ်ခမ်းကို. . . ချွန်နေအောင် စုထား၏။

"မင်း. . . ဟိုကောင့်ကြောင့်. . . တော်တော် ဒေါသဖြစ်သွားလား!"

"မဆိုင်ပါဘူးကွာ. . . ငါဗိုက်ဆာနေပြီ. . . ဆိုင်ကို. . . မြန်မြန်ရောက်အောင် သွားတာ. . . မင်းတို့ကသာ. . . အဲ့ဒီလူကို. . . ငေးကြည့်ပြီး နောက်မှာ ကျန်ခဲ့တာ မဟုတ်လား. . . !!"

"မဟုတ်ဘူးဟ. . . ငါတို့ အစကတည်းက ပြောခဲ့တဲ့စကားကို. . . သေချာအောင်လို့. . . မင်းနဲ့ အတူတူ. . . ဒီကောင် ရှုပ်နေတာကို. . . မြင်ရအောင် ကြည့်ဖို့ ရပ်လိုက်တာ. . . မင်းက ရှေ့ဆက်လျှောက်သွားတော့. . . တို့ချည်းပဲ ကျန်ခဲ့တာပေါ့. . ."

သီရိက. . . မျက်နှာကလေးကို မဲ့ကာ. . . ဒေါသသံဖြင့် ပြောသည်။

"ခုတ်ပုံဆရာပဲဟာ. . . မိန်းကလေးတွေနဲ့ လက်ပွန်းတတီး နေတာတော့. . . ဒီလောက်တော့ ရှိမှာပေါ့"

"ဟဲ့. . . ငါကြားတော့. . . သူ့မှာ တွဲနေတာ သုံးယောက်လောက် ရှိတယ်ဆို. . . !!"

နှင်းနှင်းစကား ဆုံးတော့. . . ဧပရယ်က လမ်းလျှောက်





နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ ပြီးတော့ နှင်းနှင်းတို့ကို စိတ်ဆိုးသောအကြည့်နှင့် ကြည့်ကာ. . . ပြောသည်။

"ဒီမှာ မရွှေစာနှစ်ယောက်. . . ဧပရယ် သူ့ကို စိတ်မဝင်စားဘူးလို့. . . ပြောတာ ဘယ်နှစ်ကြိမ် ရှိပြီလဲ!! အခုလဲ ဧပရယ် စိတ်ဝင်စားတာ. . . ပန်းခြံဘေးဆိုင်က. . . နန်းကြီးသုပ်နဲ့. . . ကော်ဖီပဲ. . ."

"အေးလေ. . . နင် စိတ်မဝင်စားပေမယ့်. . . သူက နင့်ကို စိတ်ဝင်စားတယ်. . . ပြီးတော့ သူ့မှာ ရည်းစားတွေကလည်း. . . သုံးလေးယောက်. . . အဲ့ဒါ အစော်ကားခံနေရတာပေါ့ ဧပရယ်ရဲ့"

"သူ အရင်ရခဲ့တဲ့ ကောင်မကလေးတွေလို. . . နင့်ကို လွယ်လွယ်ကလေး ရမယ် ထင်လို့. . . ခပ်တည်တည်နဲ့ လိုက်နေတာ. . . ငါတို့က မခံနိုင်တာ"

သူငယ်ချင်းနှစ်ယောက် စကားဆုံးတော့. . . ဧပရယ်က ပြုံးသည်။ သူသည်. . . နွေဦးမောင်ကို. . . ရင်မခုန်သော်လည်း သူ့ကို စိတ်ဝင်စားသည့်. . . ယောကျ်ားလေးတစ်ယောက်အနေဖြင့်တော့. . . စိတ်ထဲမှ ကျေနပ်မိခဲ့ပါသည်။ သူငယ်ချင်းနှစ်ယောက်၏. . . နွေဦးမောင် ရှုပ်သည်ဆိုသော. . . စကားသည်လည်း သူ့အတွက် စိတ်ထိခိုက်စရာအကြောင်း မရှိသေးပါ။

ဒါပေမယ့်. . . နွေဦးမောင်သည်. . . သူ့ကို ချစ်သည်ဟု အခြေအနေအရ ပြထားသလို. . . အခြားမိန်းကလေးများကိုလည်း သူ့လိုပင် စိတ်ဝင်စားနေသည်ဆိုသော အချက်ကိုတော့. . . သူ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှ မကျေမနပ် ဖြစ်မိတာ အမှန်ပင် ဖြစ်သည်။ ထိုအချက်သည်. . . သူ့အလှနှင့် သူ့မာနကို. . . တော်တော် ထိခိုက်သည်ဟု သူခံစားရသည်။ ထိုခံစားမှုကြောင့်. . . ဧပရယ် ပြုံးသောအပြုံးသည်. . . မာနစစ်စစ် အပြုံးသာ ဖြစ်ပါသည်။

"အေးလေ. . . နင်တို့ စောင့်ကြည့်ကြပေါ့ကွာ သူ ငါ့ကို လွယ်လွယ်နဲ့. . . ဘယ်တော့မှ မရစေရဘူး"

"ဩော. . . ဒါဆို ခက်ခက်ခဲခဲ ဆိုရင်တော့ ရမယ်ပေါ့. . . ဒီလိုလား!!"

"မိနှင်း. . . နင် အထအန မကောက်နဲ့နော်၊ ငါဆိုလိုတာက. . . သူရှုပ်နေတဲ့ မိန်းကလေးတွေလို မဟုတ်ဘူးဆိုတာ ပြောချင်တာ. . . သိလား!!!"

သူငယ်ချင်းသုံးယောက်. . . ရန်ဖြစ်ရင်းနှင့်ပင်. . . ပန်းခြံ၏တစ်ဖက်က ဆိုင်သို့ ရောက်သွားကြသည်။

ꩦ ꩦ ꩦ ꩦ





နွှဦးမောင်. . . ကင်မရာပစ္စည်းများကို သိမ်းနေစဉ်. . . မော်ဒယ်လ် ကောင်မလေးသုံးယောက်က. . . ကိုပေါက်. . . အောင်မော်တို့နှင့်. . . ရယ်ရယ်မောမော စကားပြောနေကြသည်။ သူ. . . ကင်မရာအိတ် လွယ်ပြီးချိန်မှာ. . . ကိုပေါက်က. . . သူ့အနားသို့ ရောက်လာသည်။

"နွှဦး. . . ကောင်မလေးတွေက မင်းကို တစ်ခုခု ကျွေးချင်လို့တဲ့၊ မနက်ခင်းစာပေါ့ကွာ. . . ပန်းခြံဟိုဘက်က ဆိုင်မှာ သွားစားရင် မကောင်းဘူးလား!"

"ဟာ!. . . မလုပ်ပါနဲ့ကွာ. . . အားနာဖို့ကောင်းပါတယ်. . . ပြီးတော့ မေမေကလည်း. . . သူစီစဉ်ထားတဲ့ မနက်စာကို မစားရင် သူစိတ်ကောင်းမှာ မဟုတ်ဘူးကွ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ. . . သူတို့က စေတနာရှိလို့ ကျွေးတာ. . . ဘာအားနာစရာရှိလို့လဲ!. . . လိုက်ခဲ့စမ်းပါကွာ. . . ဒီနားလေးပဲ. . ."

"ဟာ. . . မဖြစ်ပါဘူးကွာ. . . ဒီနေ့မှ စ,ဓါတ်ပုံရိုက်တဲ့. . . မိန်းကလေးတွေဆီက. . . စားဖို့ဆိုတာ ဘယ်လောက် အားနာစရာကောင်းလဲ. . . မင်းတို့ တမင်ထိုင်ချင်လို့. . . ငါ့ကို တမင်ဆွဲထည့်တာမဟုတ်လား!. . . မင်းတို့ဖာသာ မင်းတို့ ထိုင်ကြပါကွာ. . . ငါအိမ်ပြန်တော့မယ်. . ."

"လုံးဝမဟုတ်ဘူးကွာ. . . သူတို့ကိုယ်၌က လိုလိုလားလား ခေါ်သွားတာ. . . မင်းကို ဦးတည်ပြီး ခေါ်တာ. . . မင်း မပါတော့. . . ဘယ်လိုလုပ်ပြီး ကောင်းမှာလဲ!. . . အောင်မော်နဲ့ငါနဲ့က မင်းကို ကပ်ပြီးလိုက်ရမှာ. . . ဒုက္ခပါပဲကွာ"

နွေဦးမောင်သည်. . . အိမ်တွင် မနက်စာ တစ်ခုခု. . . စီစဉ်ထားမည့်. . . အမေ့ကို. . . အားနာသည်ကတစ်ကြောင်း. . . သူ့ကို ယုံယုံကြည်ကြည်ဖြင့်. . . ဓါတ်ပုံလာရိုက်သည့်. . . မော်ဒယ်လ် ကောင်မလေးသုံးယောက်ကို. . . အားနာသည်ကတစ်ကြောင်း. . . နည်းနည်း တွေဝေကာနေသည်။ ထိုအချိန်တွင်. . . အောင်ဇော်၏ လှမ်းခေါ်သောအသံကို ကြားရသည်။

"နွေဦး. . . လာလေကွာ. . . သွားကြမယ်. . ."

"ဒီမှာ နွေဦးက. . . အားနာပြီး မလိုက်ဘူးတဲ့





ငြင်းနေတယ်. . ."

ကိုပေါက်. . . လှမ်းအော်သံ ဆုံးတော့. . . မော်ဒယ်လ် ကောင်မလေးသုံးယောက်က. . . နွေဦးဆီကို ပြေးလာကြသည်။

"ဆရာနော်. . . ဆရာ စေတနာထားပြီး. . . ကျွန်မတို့ကို. . . ဓါတ်ပုံရိုက်ပေးခဲ့တယ်. . . ကျွန်မတို့ကလည်း. . . စေတနာ ပြန်ထားတာကို. . . ဆရာ ဘာလို့ ငြင်းနေရတာလဲ!"

"ဘာလဲ. . . ဆရာက ကျွန်မတို့ကို. . . မခင်ဘူးလား!"

"မဟုတ်ဘူး. . . ဒီလိုဗျ. . ကျွန်တော်က. . ."

"ကဲ. . . အဲဒီ. . ဒီလိုက,ကို. . . ဆိုင်ရောက်မှပဲ အပြည့်အစုံ ရှင်းပြတော့. . . ဒီမှာ ဗိုက်ဆာနေပြီရှင့်!"

"ကဲ. . . လာပါ နွေဦးမောင်ရာ. . . ခင်မင်ရာကနေ ပြုတ်ကျလာတဲ့ သဒ္ဒါတရားဆိုတာကို. . . အလကား ဖျက်ဆီးပစ်လိုက်ရင်. . . အားနာဖို့ ကောင်းပါတယ်. . ."

နဂိုကမှ အားနာတတ်သော နွေဦးသည်. . . အောင်မော်နှင့် ကိုပေါက် ဆွဲခေါ်သည့်နောက်သို့. . . ကန်တန်ကန်တန်နှင့် ပါသွားသည်။

"အားနာလို့ပါဗျာ. . . တကယ်အားနာလို့ပါ. . ."

"အားနာဖို့ မလိုပါဘူး ဆရာရဲ့. . . ခင်ဖို့ပဲ လို ပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးတော့. . . ကောင်မလေး သုံးယောက်စလုံးက သူတို့နှုတ်ခမ်းကလေးများကို. . . လက်ကလေးများဖြင့် အုပ်ကာ ရယ်ကြသည်။ နေရောင်က ရွှန်းရွှန်းမြမြ သူတို့အပေါ်မှာ. . . ကျနေသည်။ သူတို့၏လှုပ်ရှားမှုကလည်း. . . သဘာဝ ကျသည်။ ကင်မရာကို သိမ်းလိုက်မိတာ. . . မှားသည်ဟု နွေဦး သူ့ကိုယ်သူ အပြစ်တင်မိသည်။ အဲဒီပုံလေးကို ရိုက်ထားလိုက်ရလျှင်. . . ဘယ်လောက် ကောင်းမလဲဟု. . . သူနှမြောနေမိသည်။

နွေဦးသည်. . . တစ်ခါတစ်ရံ. . . ထိုသို့. . . အတွေးမျိုးကို. . . တွေးတတ်သော. . . လူတစ်ယောက် ဖြစ်ပါသည်။ ဒီကောင်မလေးတွေနှင့်. . . ဆိုင်သို့ လိုက်သွားရသဖြင့်. . . အိမ်မှာ မနက်စာ စားရင်းနှင့် စောင့်နေသော မေမေ့ကိုလည်း. . . မျက်စိထဲမြင်ကာ. . . စိတ်ထဲမှာ အားနာနေမိသည်။

၅ ၅ ၅ ၅





ဆိုင်ထဲရောက်တော့. . . ကောင်မလေး သုံးယောက်စလုံးက. . . ဆူဆူညံညံဖြင့် နေရာယူကြသည်။ စားချင်တာကို မှာကြသည်။ နွေဦးက. . . ကောင်မလေးသုံးယောက်နှင့် ကပ်ထိုင်ရမှာကို အားနာသဖြင့်. . . မျက်နှာချင်းဆိုင်တွင်. . . ဝင်ထိုင်သည်။ ထို့ကြောင့် ဧပရယ်တို့ ခုံကို. . . ကျောခိုင်းမိရက်သား ဖြစ်သွားသည်။

"ဆရာက. . . ဓါတ်ပုံရိုက်ခ မယူဘူးဆိုတော့ ဒီပွဲကို ကျွန်မတို့. . . ကျွေးပါရစေ ဆရာ. . ."

"ဟုတ်တယ်နော်. . . ဆရာ့လို ဓါတ်ပုံဆရာမျိုး ကျွန်မတို့. . . တစ်ယောက်မှ မတွေ့ဖူးသေးဘူး. . . သဘောလည်း ကောင်းတယ်. . . သင်တာပြတာလည်း စိတ်ရှည်တယ်. . . ဆရာ့ကိုတော့ ကျွန်မတို့ အရမ်းခင်သွားပြီ. . . နောက်လည်း အမြဲလာရိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်. . ."

"ကျွန်မတို့ပုံတွေ. . . လှတယ်မဟုတ်လား. . . ဆရာ. . ."

"တစ်ယောက်ကို တစ်လိပ်စီ ရိုက်ထားတာဆို တော့. . . အဲဒီတစ်လိပ်ထဲမှာ. . . ပုံကောင်းသုံးလေး ပုံတော့. . . ကျွန်တော့်စိတ်ထင်တော့ ပါမယ်ထင် တယ်. . ."

နွေဦးမောင်က. . . သူ့ပင်ကိုယ် အားနာစိတ်ဖြင့်. . . မယုတ်မလွန် ဖြေသည်။

"ဟာ. . . ဆရာကလည်း လျှိုနေပြန်ပြီ. . . သမီးစိတ်ထင်တော့. . . ဒီလောက် စိတ်ရှည်လက် ရှည် ရိုက်ထားတဲ့ပုံတွေ အားလုံးကောင်းမှာ သေချာ တယ်. . ."

"မကောင်း ကျောင်းပို့ ဆိုတော့. . . ဒီကောင် မကောင်းဘူး ထင်တဲ့ပုံတွေကို. . . ဘုန်းကြီးကျောင်း ပို့လိုက်ရင်. . . ပိုမကောင်းဘူးလား"

အမြဲတမ်း ပြောင်တတ်နောက်တတ်သည့်. . . အောင်မော့် စကားဆုံးတော့. . . ကောင်မလေးသုံးယောက်က. . . အလုအယက် ရယ်လိုက်ကြသည်။

ဝင်လာကတည်းက. . . ဆူဆူညံညံနှင့်. . . ထိုင်ခုံ ရွှေ့ ကြ. . . စားစရာတွေ မှာကြနှင့်. . . နွေဦးမောင်တို့အုပ်စုကို. . . ဧပရယ်တို့အဖွဲ့ မြင်သည်။ ပြီးတော့. . . နွေဦးမောင်က. . . သူတို့





ကို ကျောပေး ထိုင်လိုက်တာလည်း. . . သတိထားမိသည်။ ဧပရယ် ကြိုက်လွန်းလှသော. . . နန်းကြီးသုပ်သည်. . . အရသာ မရှိသလို ဖြစ်သွား၏။ ထိုင်ခုံတစ်ဝိုင်းကျော်မှာ. . . ဧပရယ်တို့ ရှိနေသည့် အတွက်. . . နွေဦးတို့ ပြောသော စကားအားလုံးကို. . . ဧပရယ်တို့ ကြားနေရသည်။ သီရိက နှာခေါင်းရှုံ့ကာ. . . အသံခပ်ကျယ်ကျယ် ဖြင့် ပြောသည်။

"ဧပရယ်. . . တွေ့လား! သူ့ဂွင်ထဲကို ရောက် အောင်. . . စည်းရုံးနေတာ၊ ဒါ ဘယ်နှစ်ယောက် မြောက်. . . သားကောင်လေးတွေလဲ မသိဘူး. . ."

"ဓါတ်ပုံ အလကား ရိုက်ပေးတယ်ဆိုတော့. . . နည်းနည်းနောနော ပေးဆပ်မှု မဟုတ်ဘူး. . . ပြီး တော့. . . မင်း ဒီဆိုင်မှာ မနက်တိုင်း ရှိတတ်တယ် ဆိုတာ. . . သိရက်နဲ့ မျက်နှာပြောင်တိုက်ပြီး. . . ဆိုင်ကို ခေါ်လာလိုက်သေးတယ်. . ."

"ဟုတ်တယ်. . . ဧပရယ်. . . တို့ ထပြန်သွား တာ အကောင်းဆုံးပဲ၊ မင်း. . . ဆက်စားမနေနဲ့. . ."

နှင်းနှင်းနဲ့ သီရိစကားဆုံးတော့. . . ဧပရယ် ပြုံးသည်။ ပြီးတော့မှ အေးအေးဆေးဆေးပင် ပြောသည်။

"ကိုယ် အခုနေ ထပြန်သွားရင်. . . သူဖြစ်စေ ချင်သလို. . . ကိုယ်က သူ့ကို မနာလိုတယ်လို့. . . သူထင်သွားမှာပေါ့. . . ဒီတော့. . . အေးအေးဆေး ဆေးပဲ. . . ထိုင်ပြီးစားရမယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဧပရယ် စကားဆုံးတော့. . . သူငယ်ချင်းနှစ်ယောက်က ဧပရယ် ဆုံးဖြတ်ချက် မှန်ကြောင်း. . . လေးလေးနက်နက်. . . ခေါင်းညိတ် အသိအမှတ်ပြုကြသည်။ ဧပရယ်သည်. . . အေးအေး ဆေးဆေးပင်. . . နန်းကြီးသုပ်ကို စားသည်။ အခုမှ နန်းကြီးသုပ် သည်. . . သူမကို. . . အရသာ ပြန်ပေးသည်။ ဧပရယ်သည်. . . နွေဦးကို လှမ်းမကြည့်သော်လည်း. . . နွေဦးမောင်တို့ စကားဝိုင်းမှ စကားသံတို့ကိုတော့. . . မကြားဘဲ နေလို့မရ။ ဒီလူ. . . လူရှုပ်ဆို တာကို. . . သူ့မျက်စိနှင့် တပ်အပ် တွေ့လိုက်ရသည့်အတွက်. . . အရင်တုန်းက သူငယ်ချင်းများ ပြောခဲ့သော စကားများ အားလုံး သည်. . . သူ့စိတ်ထဲတွင်. . . အမှန်အဖြစ် ယုံကြည်လိုက်သည်။

ထိုအချိန်တွင်. . . နွေဦးမောင်တို့အဖွဲ့. . . စားပွဲမှ ထ သည်။ နွေဦးမောင်က ပိုက်ဆံကို လှမ်းရှင်းရန် ဆိုင်ထဲသို့. . . အလှည့် တွင်မှ. . . သူ ကျောပေးထိုင်ထားသော ဧပရယ်တို့အဖွဲ့ကို မြင် သည်။ ဧပရယ်က သူ့ကို. . . "ကျွန်မ အားလုံးမြင်တယ်" ဆိုသော အပြုံးမျိုးဖြင့်. . . ပြုံးကာ ကြည့်သည်။

ရုတ်တရက် တွေ့လိုက်ရသဖြင့်. . . နွေဦးမောင်ရော. . . သူငယ်ချင်းများပါ. . . အံ့သြကာ. . . ဘာလုပ်ရမှန်းမသိ ဖြစ်ကုန် ကြသည်။ ကောင်မလေး သုံးယောက်ကတော့. . . ဘာမျှမသိ။

"ဆရာ. . . မရှင်းနဲ့နော်. . . ကျွန်မတို့ ရှင်းမှာကို ဖြစ်မယ်. . . ဆရာရှင်းရင်တော့. . . ကျွန်မတို့ စိတ် ဆိုးမှာပဲ. . ."

"ဩော်. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့. . ."





ရုတ်တရက် တုန်လှုပ်စိတ်ကြောင့်. . . နွေဦးမောင် ဘာ လုပ်ရမှန်းမသိ ဖြစ်နေသည်။ သူငယ်ချင်းနှစ်ယောက်လည်း. . . အူကြောင်ကြောင် လုပ်နေကြ၏။ ထိုအဖြစ်အပျက်အားလုံးကို. . . ဧပရယ်က အပြုံးနှင့်သာ. . . ကြည့်နေခဲ့သည်။

"ဆရာ. . . ကျွန်မတို့ပုံတွေ. . . ဘယ်နေ့လောက် ရမလဲ ဆရာ. . ."

"ဟို. . . သုံးလေးရက်လောက်ဆို ရပါပြီ. . ."

"ကျွန်မတို့ ဖုန်းလှမ်းဆက်လိုက်မယ်နော် ဆရာ အဲဒီနေ့ ပုံကောင်းကောင်းလေးတွေရရင်. . . ဆရာ တို့အားလုံးကို. . . ဟိုတယ်မှာ အဝလိုက်ကျွေးမယ်"

"ဟုတ်ကဲ့ပါ. . . ဟုတ်ကဲ့ပါ. . . ကျွန်တော်တို့ကို ခွင့်ပြုပါဦးဗျာ. . . မီးလာတုန်း. . . ပုံလေးတွေ ကူး စရာရှိလို့"

စကားဆုံးသည်နှင့် နွေဦးမောင်တို့အုပ်စု ဆိုင်ထဲမှ သုတ် ခြေတင်ကြသည်ကို. . . ဧပရယ်က ပြုံးကြည့်ရင်း. . .

"မင်းတို့. . . ဒီပွဲမှာ ဘယ်သူ နိုင်တယ်ဆိုတာ တွေ့တယ် မဟုတ်လား. . .!"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

ထို နေ့နံနက် နေ့မနက်ခင်းသည်. . . မနက်လေးနာရီခွဲကတည်းက. . နွေဦးမောင်အိပ်ရာမှ ထပြီး. . . ဓါတ်ပုံခန်းသို့ ဆင်းသည်။ သူတို့ဘက် မီးသောချိန်က. . . နံနက်(၆)နာရီတွင် ရပ်ဆိုင်းမည်ဖြစ်သဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ရိုက်ထားသော ဓါတ်ပုံများ ကူးရန်. . . နွေဦးမောင်. . . ဆင်းခြင်းဖြစ်သည်။

ထိုဓါတ်ပုံများ ကူးမပြီး၍မရ. . .။ တစ်နေ့က သူ့ကို ပြုံးကြည့်သော ဧပရယ်၏အပြုံးသည်. . . သူ့ရင်ထဲမှာ. . . ဘောလုံးတစ်လုံးလို ခုန်နေသည်။ ဆူးတစ်ချောင်းလို ထောင့်နေသည်။ ထိုအပြုံးကို. . . နွေဦးမောင်က. . . သံသယဖြင့် ပြန်ရွေးယူချင်သည်။ ထို့ကြောင့်. . . ကောင်မလေးသုံးယောက်၏ ဓါတ်ပုံများကို မီးလာနေတုန်း. . . ပြေးကူးရခြင်းဖြစ်သည်။

ဓါတ်ပုံတွေ ကူးပြီးတော့. . . သူ့စိတ်ကြိုက်ပုံ တော်တော်များများ ပါသဖြင့်. . . နွေဦးမောင် တော်တော်ကျေနပ်သွားသည်။ သူ့ကို တစ်ညလုံး ဒုက္ခပေးခဲ့သော. . . ဧပရယ်၏အပြုံးသည်လည်း နည်းနည်းလျော့သွားသလို. . . ခံစားရ၏။ ဝါသနာနှင့် ကိုယ်တိုင်ကြိုးစားရာမှ. . . ရရှိသော. . . အောင်မြင်မှု၏ပီတိသည်. . . နွေဦးမောင်၏နှလုံးသားကို. . . ပီတိဟူသောအရသာကို. . . ပေးသည်။ ထိုပီတိသည်. . . တစ်မိနစ်လောက်ပဲ ရှိသည်ထားဦး. . . သူ့ဘဝတွင်. . . ရခဲလှသော. . . ပီတိဖြစ်ပါသည်။

ထိုအချိန်မှာပင်. . . မီးပျက်သွားသည်။ နွေဦးမောင်လည်း ကုလားထိုင်ပေါ်တွင်. . . သူ့ပီတိကလေးနှင့်သူ. . . ထိုင်ရင်း. . . မှေးခနဲ အိပ်ပျော်သွားသည်။

"ဟာ. . . ဟော့ကောင် နွေဦး. . . ငတိ. . . ဘာဖြစ်လို့ အောက်မှာ ဆင်းအိပ်နေတာလဲ! ဘာလဲ! မမနဲ့ မင်းစိတ်ကောက်ပြန်ပြီလား! မမနဲ့တော့ ခက်





တာပဲ. . . ဟော့ကောင်. . . နွေဦးမောင်. . . ထထ"

ဦးလေး၏. . . အော်သံဟစ်သံကြောင့်. . . နွေဦးမောင် လန့်နိုးလာသည်။ ဦးလေး၏နောက်မှလည်း. . . သူ့သူငယ်ချင်းနှစ်ယောက်ကို. . . တွေ့ရသည်။

"ဦးငယ်ရာ. . . ဘာလို့ ဒီလောက်တောင် အော်ရတာလဲ! လန့်သွားတာပဲ. . ."

"အော်တာ မဟုတ်ဘူးကွ၊ မင်းနဲ့မမ ဘာဖြစ်ကြတာလဲ! စိတ်ကောက်ပြီးတော့. . . မင်း အောက်ကို ဆင်းအိပ်တာ မဟုတ်လား!"

"မဟုတ်ပါဘူး ဦးငယ်ရာ၊ မီးမပျက်ခင် ပုံကူးစရာရှိတာ ဆင်းကူးရင်း. . . အိပ်ပျော်သွားတာပါ"

"အင်း. . . ဦးငယ်တို့ကတော့ မနက်မိုးလင်းကတည်းက အလွဲနဲ့ စပြီ"

"ဟော့ကောင် ငတိနှစ်. . . တိတ်၊ ငါ့တူ အောက်မှာ ဆင်းအိပ်နေတာ တွေ့လို့. . . အခြေအနေ အားလုံးကို ချိုင့်သုံးသပ်ပြီး. . . စိတ်၏လျှင်မြန်ခြင်းနဲ့ ငါ ကောက်ချက်ဆွဲပြီး ပြောတာ. . . ဘာမှ ငါ့ကို လွဲတယ်တွေ. . . ဖယ်တယ်တွေ ပြောစရာ မလိုဘူး"

"ဟင်. . . ဦးငယ်ပြောတာ မှန်မှမမှန်တာ၊ ဦးပြောတာနဲ့ ဒီကောင်ဖြစ်တာ တခြားစီပဲ"

"ဟော့ကောင် ငတိသုံး. . . တိတ်၊ ငါ့ရဲ့ ချိုင့်သုံးသပ် ဆင်ခြင်မှုက မမှားဘူးကွ၊ စိတ်ရဲ့လျှင်မြန်

www.burmeseclassic.com



ခြင်းကို နှစ်ထပ်ကိန်း တင်လိုက်မိတဲ့အတွက်. . .

ဒီလိုဖြစ်သွားတယ်. . . မင်းတို့ ဘာသိလို့လဲ!"

နွေဦးက ကိုပေါက်နှင့် အောင်မော်ကို မျက်စိတစ်ဖက် မှိတ်ကာပြလိုက်သည်။ ဆက်ပြောမနေနဲ့တော့ ဟူသော သဘော ဖြစ်သည်။ ဦးငယ်က ဒီလိုပဲ. . . စကားထူးထူးဆန်းဆန်းတွေ ပြောတတ်သည်။ စိတ်တိုလည်း လွယ်သည်။ သူက ဦးလေးဆိုသော စိတ်ဖြင့်. . . သူနှင့် သူ့သူငယ်ချင်း နှစ်ယောက်ကိုလည်း. . . ကလေးလို သဘောထားသည်။ အမှန်တော့. . . ဦးငယ်သည်သာ ကလေးဆိုးကြီးတစ်ယောက် ဖြစ်သည်။ သို့သော်. . . သူတို့အားလုံး က ဦးငယ်ကို ချစ်ကြပါသည်။

ကိုပေါက်နှင့် အောင်မော်ကလည်း နွေဦးမောင်လိုပင် ချမ်းသာသော မိဘများ၏သားသမီးများပင် ဖြစ်ကြသည်။ ဘွဲ့ရပြီးတော့ ဘာမှ လုပ်စရာ မရှိလျှင် ဝါသနာတူ သူငယ်ချင်းသုံးယောက် တိုင်ပင် ကာ "နွေဦး" ဟု အမည်ရသော ဓါတ်ပုံဆိုင်ကလေးကို သုံးယောက် ရှယ်ယာထည့်ကာ. . . ထူထောင်ထားခြင်း ဖြစ်သည်။ သူတို့ဆိုင်တွင် ဆရာမရှိ. . . တပည့်မရှိ။ အားလုံး လက်ရည်တူ. . . ဆန္ဒတူ. . . သဘောတူ အလုပ်လုပ်ကြခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ. . . နွေဦး မောင်က မှန်ထိုးပေးပြီး. . . ကိုပေါက်က ဓါတ်ပုံရိုက်ချင်ရိုက်သည်။ တစ်ခါတစ်ရံ. . . အောင်မော်က ကင်မရာမင်း ဖြစ်ပြီး. . . နွေဦး မောင်နှင့် ကိုပေါက်က မီးထိုးမှန်ထိုး ဖြစ်ချင်ဖြစ်သွားသည်။ သူတို့ ဓါတ်ပုံဆိုင်သည်. . . စီးပွားရေးသက်သက် မဟုတ်ဘဲ. . . အပျော် တမ်း အဖွဲ့လေးတစ်ဖွဲ့နှင့် ပို၍တူသည်။ အားလုံးသည်လည်း ဆရာ





ဖြစ်သည်။ အားလုံးသည်လည်း တပည့်ဖြစ်သည်။ ထိုသို့ ထူထောင် ထားသော. . . ဓါတ်ပုံဆိုင်လေးကို. . . ထိန်းသိမ်းရန်အတွက်. . . နွေဦးမောင်၏မေမေက. . . ဦးငယ်ကို. . . လူငယ်များအား ထိန်း သိမ်းရန် ပြောရာမှ. . . ဦးငယ်သည် သူတို့အားလုံး၏အုပ်ချုပ်သူ ရာထူးကို. . . ခပ်တည်တည်ဖြင့် နေရာဝင်ယူလိုက်သည်။

သူငယ်ချင်းများ အားလုံးကလည်း. . . ဦးငယ် ပြောသမျှ ကို စိတ်မဆိုးဘဲ. . . ပျော်စရာတစ်ခုဟုသာ. . . သဘောထားကြ သည်။ ပြီးတော့. . . ဦးငယ်ကိုလည်း. . . ခင်မင်ကြသည်။ ဦးငယ် က အုပ်ချုပ်သူ ဟူသောရာထူးဖြင့်. . . သူတို့အားလုံးကို. . . ငတိ ဟုသာ ခေါ်သည်။ ဓါတ်ပုံရိုက်သည့် မိန်းကလေးချောချောများ ရှိနေ လျှင်. . . ထိုငတိဟူသောစကားကို. . . အကြိမ်တစ်သန်းလောက် ခေါ်တတ်သည်။ ထိုသို့ခေါ်ခြင်းအားဖြင့်. . . ဦးငယ်သည် သူတို့ သုံးယောက်စလုံးအား. . . အုပ်ချုပ်နေသူ ဖြစ်ကြောင်း ကောင်မ လေးများရှေ့တွင်. . . ပေါ်လွင်စေရန် ဖြစ်သည်။ ဦးငယ်သည် လူပျို ကြီးတစ်ယောက် ဖြစ်ပြီး. . . သူတို့လမ်းထိပ်တွင်. . . တစ်ထပ်တိုက် ကလေးတစ်လုံးဖြင့်. . . နေသည်။ အိမ်ဖော်မရှိ အတူနေမည့်သူ မရှိ။ စားစရာ မရှိလျှင် နွေဦးမောင်တို့အိမ် လာစားသည်။ လျှော်စရာ အဝတ်ရှိလျှင်. . . နွေဦးမောင်တို့အိမ် လာပေးသည်။ အားသည့် အချိန်တွင်. . . တစ်နေ့လုံး စာဖတ်ချင် ဖတ်နေတတ်သည်။

နွေဦးတို့အဖွဲ့ကလည်း. . . သူတို့အိမ်ဘက်မှာ လုပ်ခွင့်ရှိ သော. . . တစ်ခါတစ်ရံ. . . ဘီယာသောက်ခြင်း၊ ပိုကာဆော့ခြင်း၊ ဂစ်တာတီးခြင်းများကို ဦးငယ်အိမ်တွင် သွားရောက် အပန်းဖြေလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိကြသည်။ ဤသို့ဖြင့်. . . ဦးငယ်နှင့် သူတို့သည်. . . အုပ်ချုပ်သူလည်း မဟုတ်. . . သူငယ်ချင်းလည်းမဟုတ်. . . ခင်မင်စွာ ပေါင်းသော. . . အပေးအယူ မျှတစွာ ပေါင်းသင်းကြသူများသာ ဖြစ်သည်။

အခုလည်း သူငယ်ချင်းနှစ်ယောက်က. . . ဦးငယ်၏ဆူပူမှုကို ပြုံးပြုံးလေးသာ ရှိခဲ့ကြသည်။ ဦးငယ်ကတော့. . . သူ့ဩဇာအောက်မှာ. . . ဒီကောင်တွေ ငြိမ်သွားပြီဟူသော မျက်နှာပေးဖြင့် ကျေကျေနပ်နပ်ကြီး. . . ရှိနေခဲ့သည်။

"ဒါနဲ့ ဦးငယ်က. . . ဟိုတစ်နေ့က လိုင်စင်ပုံလာရိုက်တဲ့ လူတစ်ယောက်ကို. . . ဘာဖြစ်လို့ တစောင်းကြီး ရိုက်ပေးလိုက်တာလဲ!"

"ဩော်. . . ဟိုပုပုဝဝ ငနဲလား! ဆယ်စက္ကန့်ကိုတစ်ခါလောက် နိုင်ငံခြား နိုင်ငံခြားနဲ့ ပြောနေလို့. . . အမြင်ကတ်တာနဲ့ တမင် တစောင်းရိုက်ပေးတာ. . . ဘာဖြစ်လို့လဲ!"

"ဟာ. . . ဦးငယ် အဲ့လိုလုပ်တော့. . . ဆိုင်နာမည် ပျက်တာပေါ့ဗျ၊ အဲ့ဒီလူက. . . ဟိုနေ့က Model ကောင်မလေးတွေရှေ့မှာ. . . သူ့ပုံကို ပြပြီး လာရန်တွေ့တော့. . . ကျွန်တော်တို့အားလုံး မျက်နှာပျက်ရတာပေါ့"

ကိုပေါက် စကားဆုံးတော့. . . ဦးငယ် မျက်လုံးပြူးသွားသည်။





"Model တွေရှေ့မှာ. . . ဟုတ်လား! ဟား. . . ဒီကောင် ဒီတစ်ခါ လာရင်. . . ငါ့လက်သီးနဲ့ တွေ့မယ်၊ လိုင်စင်ပုံ ရိုက်လို့. . . ငွေအများကြီး မရပါဘူး၊ အမြင်ကတ်စရာကောင်းတဲ့လူကို တမင်ဆုံးမလိုက်တာ၊ ဒီကောင်က ငါ့တူကို ဆက်ဒုက္ခပေးတယ်ဆိုတော့. . . တွေ့ကြသေးတာပေါ့"

ဦးငယ် လက်သီးတပြင်ပြင်နှင့် ဟန်ရေးပြနေသည်ကို ကြည့်ကာ. . . သူငယ်ချင်းနှစ်ယောက်က ပြုံးကြသည်။ ဒီတော့မှ နွေဦးမောင်က. . . လေအေးကလေးဖြင့်. . . ဝင်ပြောသည်။

"မဟုတ်ဘူးလေ ဦးငယ်ရာ. . . ကိုယ့်ဆိုင်ကို ယုံကြည်လို့ လာရိုက်တဲ့ ကာစတန်မာကို ဒီလိုလုပ်လို့ ဘယ်ကောင်းမလဲ! Customer is Right . . . ဆိုတာ ဦးငယ်လည်း သိပါတယ်၊ ဒီလိုဖြစ်သွားတော့ ကျွန်တော်လည်း အားနာရတာပေါ့"

"အေး. . . အားနာ. . . အားနာ. . . မင်းကတော့ တစ်သက်လုံး အားနာတာနဲ့ပဲ ပြီးမယ့်ကောင်၊ ငါတို့ကတော့. . . စိတ်ထဲမှာ ခံစားလို့ မရရင်. . . ဘယ်တော့မှ အားမနာတတ်ဘူး"

"ဦးငယ် မှန်ပါတယ်ဗျာ. . . ဦးငယ် ပြောတာ ဟုတ်တယ်၊ ကျွန်တော်တောင် အဲ့ဒီနေ့က. . . လက်သီးတွေ ယားနေတာ. . ."

ဦးငယ်က. . . ကိုပေါက်ပခုံးကို လှမ်းပုတ်သည်။ သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



သဘောတူသည်ဆိုသည့်. . . သဘောဖြစ်သည်။ အောင်မော်က စပ်ဖြဲဖြဲဖြင့် လှမ်းပြောသည်။

"ဘာလဲ. . .! မင်းလက်သီးကို ခြင်ထောင်အပြင်ထုတ်အိပ်လို့ ခြင်ကိုက်ပြီး ယားနေတာ မဟုတ်လား!"

"ဟော့ကောင်. . . တိ. . . တိတ်. . . ဒီကောင် ပြောတာ မှန်တယ်. . . ဒါပဲ. . ."

"ဒါဆိုလည်း ဟုတ်ပါပြီ ဦးငယ်၊ ဟော့ကောင် နွေဦး၊ တို့ လက်ဖက်ရည်ဆိုင် သွားကြရအောင်ကွာ၊ ဆာနေပြီကွ"

"မင်းတို့ သွားချင်သွားနှင့် အောင်ဇော်၊ ငါ ကိစ္စ တစ်ခု ရှိလို့ ဒီမှာပဲ စောင့်နေတော့မယ်"

"မင်းကိစ္စက. . . ဘာကိစ္စလဲ!"

"ငါ အခုတော့ မပြောနိုင်သေးဘူး အောင်မော်၊ စိတ်ချပါ. . . ခဏနေ ငါလိုက်ခဲ့ပါ့မယ်"

ဦးငယ်နှင့် သူငယ်ချင်းနှစ်ယောက်. . . ဘာမျှမပြောတော့ဘဲ. . . လက်ဖက်ရည်ဆိုင်သို့ ထွက်သွားကြသည်။ နွေဦးသည် အားနာတတ်သော်လည်း တစ်ခုခုကို ဆုံးဖြတ်ပြီးလျှင် မပြင်တတ်မှန်း သူတို့ သိသည်။ နွေဦး စောင့်နေသည်က. . . တခြားကိစ္စ မဟုတ်ပါ။ မနေ့က ဓါတ်ပုံရိုက်သွားသော. . . Model ကလေး သုံးယောက် လာလျှင်. . . ဧပရယ် ထိုင်နေကျဆိုင်ကို ခေါ် သွားကာ ရှင်းပြချင်၍. . . ဖြစ်ပါသည်။ သို့သော်. . . ကောင်မလေး သုံး





ယောက်က ဆယ်နာရီခွဲသည်အထိ ပေါ်မလာသဖြင့်. . . နွေဦး လက်ဖက်ရည်ဆိုင်သို့. . . ထွက်ခဲ့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံအလွန်က. . . လက်ဖက်ရည်ဆိုင်ကို ရောက်တော့ ဆိုင်ထဲမှာ. . . ဦးငယ်နှင့် သူငယ်ချင်းနှစ်ယောက်ကို မတွေ့။ ဟိုဟို ဒီဒီ ရှာရင်း. . . သူသွားတွေ့သည်က. . . ဧပရယ်နှင့်အဖွဲ့ကို ဖြစ်သည်။ ဧပရယ်နှင့် မျက်လုံးချင်း ဆုံတော့. . . မနေ့က အပြုံးမျိုးကို ဧပရယ်က ပြုံးပြန်သည်။

နွေဦးမောင်. . . ချက်ချင်း ဆုံးဖြတ်ချက် ချကာ. . . သူ့ဘက်က တစ်စုံတစ်ရာ အမှားမရှိကြောင်း ရှင်းပြရန်အတွက်. . . ဧပရယ်တို့ ဝိုင်းသို့ သွားပြီး. . . မတ်တတ်ရပ်ကာ. . . တောင်းပန်ခြင်းလည်းမဟုတ်. . . မကျေနပ်ခြင်းလည်း မဟုတ်သော လေသံ အေးအေးကလေးဖြင့် ပြောသည်။

"ကျွန်တော် စကားနည်းနည်း ပြောချင်ပါတယ် ခင်ဗျာ၊ အနှောင့်အယှက် မဖြစ်ဘူးဆိုရင်. . . ခွင့်ပြုစေချင်ပါတယ်"





"ရှင်က. . . ဘာစကား ပြောချင်တာလဲ! ရှင်နဲ့ ကျွန်မတို့အကြားမှာ. . . ပြောစရာစကား. . . မရှိတော့ဘူးနဲ့ တူတယ်"

ဧပရယ်၏သူငယ်ချင်း. . . သီရိက သူ့ကို မော့မကြည့်ဘဲ လေသံပြတ်ပြတ်ဖြင့် ပြောသည်။ သို့သော် နွေဦးမောင်. . . တုန်လှုပ်ခြင်း မရှိပါ။

"မနေ့က အထင်လွဲသွားတဲ့ကိစ္စကို. . . ရှင်းပြချင်လို့ပါ"

သူ့စကားဆုံးတော့. . . ဧပရယ်က. . . လှစ်ခနဲ ပြုံးသည်။ ပြီးတော့. . . နံဘေးတွင် ချထားသော ရေနွေးကြမ်းကို. . . အေးအေးဆေးဆေး သောက်ရင်း. . . သူ့ကို ပြန်ပြောသည်။

"ရှင်နဲ့ကျွန်မနဲ့ကြားမှာ အထင်လွဲစရာလည်း မရှိဘူး. . . အထင်ကြီးစရာလည်း မရှိဘူး၊ ဘာဖြစ်လို့ ကိုယ့်ဒုက္ခကိုယ် ရှာချင်ရတာလဲ!"

ဧပရယ်၏စကားကြောင့်. . . ရုတ်တရက် နွေဦးမောင် ဘာပြန်ပြောရမှန်းမသိ။ တော်တော်လည်း ရှက်သွားသည်။

"မဟုတ်ဘူးခင်ဗျ. . . မနေ့က ဒီဆိုင်မှာ တွေ့တဲ့ ကောင်မလေးတွေက. . ."

"ကျွန်မစိတ်ထဲမှာ ရှင်နဲ့ ပတ်သက်လို့. . . ဘာမှ မရှိတဲ့အတွက်. . . အဲ့ဒီကောင်မလေးတွေကလည်း. . . ကျွန်မအတွက် အရေးမကြီးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်. . . အမှန်တရားအတွက်တော့ ကျွန်တော် ရှင်းသင့်တယ် ထင်တာပဲ၊ ဒါကြောင့် ကျွန်တော် လာရှင်းပြတာပါ"

သူ့စကား ဆုံးတော့ ဧပရယ်က စပြီးပြုံးကာ အသံတိုးတိုးဖြင့် ရယ်သည်။ သူ့သူငယ်ချင်းနှစ်ယောက်ကတော့ အသံခပ်ကျယ်ကျယ်ဖြင့် ရယ်ကြ၏။ နွေဦးမောင်သည်. . . ရှက်လွန်းသဖြင့် ခေါင်းကို ငုံ့ထားမိသည်။ သို့သော်. . . ထိုနေရာကတော့. . . တစ်ချက်ကလေးမှ မနွေး။ ရယ်သံတွေ ဆုံးသွားတော့ စကားဝိုင်းသည်. . . ခဏတိတ်ဆိတ်သွားသည်။ ပထမဦးဆုံး စကားပြောသူက. . . ဧပရယ် ဖြစ်၏။

"အေးလေ. . . ရှင်က ကင်မရာတစ်လုံးနဲ့. . . မိန်းကလေးတွေနဲ့ ကစားနေတဲ့လူဆိုတာ. . . ကျွန်မ သိပါတယ်၊ အဲဒီအတွက် ကျွန်မရင်ထဲမှာ ဘာမှ ခံစားချက် မရှိပါဘူး"

ရုတ်တရက်. . . သူ့ဝါသနာကို. . . ထိခိုက် စော်ကားခံလိုက်ရသဖြင့်. . . နွေဦးမောင် အသံသည်. . . တုန်တုန်ယင်ယင်နှင့် ဝမ်းနည်းကြေကွဲကာ သွားသည်။

"ကျွန်တော့်ဝါသနာကိုတော့. . . မစော်ကားပါနဲ့ဗျာ၊ ကျွန်တော့်မှာ ရှိတဲ့ ကင်မရာနဲ့ လောကကြီးရဲ့ အလှကို မှတ်တမ်းတင်ဖို့. . . လူတွေရဲ့အလှကို. . . ရိုးရိုးသားသား ဖော်ပြဖို့ကလွဲပြီး. . . ကျွန်တော့်စိတ်ထဲမှာ. . . ဘာမှမရှိဘူး၊ ကျွန်တော့်ကင်မရာနဲ့ ဘယ်





မိန်းကလေးကိုမှ. . . မကစားခဲ့ဘူး၊ အဲဒါကိုတော့ ယုံပါ၊ ကျွန်တော် ပြောချင်တာ ဒါပါပဲ. . ."

စကားဆုံးသည်နှင့် နွေဦးမောင်. . . ဧပရယ်တို့ဝိုင်းမှ. . . ထွက်ခဲ့သည်။ ဝါသနာကို. . . ထိခိုက်သဖြင့်. . . ချက်ချင်းမျက်ရည်ဝဲတက်လာသော. . . သူ့မျက်ဝန်းများကို. . . ဧပရယ်တို့ မမြင်စေချင်ပါ။ သို့သော်. . . ဆိုင်ဝမှာ ရောက်နှင့်နေသော ဦးငယ်နှင့် သူငယ်ချင်းများကတော့. . . မြင်ဖြစ်အောင် မြင်သွားကြပါသည်။

"ဟော့ကောင် ငတိ. . . မင်းဘာဖြစ်လာတာလဲ!"

ဦးငယ်၏စကားကို ပြန်မဖြေဘဲ နွေဦးမောင် အိမ်ဘက်သို့ ထွက်လာခဲ့သည်။ သူသည် အရှုံးပေးရမည်ဆိုလျှင်. . . အမှန်တရားကိုသာ အရှုံးပေးချင်သော. . . လူတစ်ယောက် ဖြစ်ပါသည်။ ပြောချင်ရာ ပြောပြီး. . . သူ့မထံမှ တစ်စုံတစ်ရာ ဖြေရှင်းချက် မတောင်းဘဲ ထွက်သွားသော နွေဦးမောင်ကို ကြည့်ကာ. . . ဧပရယ် ခေါင်းကို ရမ်းသည်။

"တစ်ခုခုတော့ မှားနေပြီ ထင်တယ်ကွာ"

"တစ်ခုခု မှားတယ်. . . ဘာမှားတယ် ထင်လို့လဲ ဧပရယ်"

"အေးလေ. . . မနေ့က မင်းကိုယ်တိုင် တွေ့ခဲ့တာပဲ မဟုတ်လား! အခုကျမှ တစ်ခုခု မှားနေတယ်ဆိုတော့. . . ဧကန္တ မင်း. . ."

"တို့သုံးယောက်စလုံး မြင်ခဲ့တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့်. . . သူ အခု ပြောသွားတဲ့ပုံက



www.burmeseclassic.com

www.burmeseclassic.com



တို့အမြင်နဲ့ နည်းနည်း ကွာနေသလိုပဲ၊ ငါ သူ့ကို စိတ်ဝင်စားလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အမှန်ကိုတော့. . . သိချင်တဲ့စိတ် ရှိတယ်. . . အဲ့ဒါပဲ. . . ”

သီရိနှင့် နှင်းနှင်းက. . . တစ်ယောက်နှင့်တစ်ယောက်. . . မျက်ခုံးကိုပင့်. . . မျက်လုံးကို ပြူးရင်း. . . ပခုံးကို တွန့်ကာ. . . ကြည့်ကြသည်။ အဓိပ္ပါယ်က. . . “မလွယ်ပါလား” ဟူသောသဘော ဖြစ်သည်။ ထိုအမူအရာများကို. . . ဧပရယ် မြင်သော်လည်း. . . တည်ငြိမ်အေးဆေးစွာပင်. . . ထိုင်နေခဲ့သည်။ သူသည် နွေဦးမောင်ကို မချစ်သေးပါ။ သို့သော်. . . နည်းနည်းတော့ စိတ်ဝင်စားလာသည်မှာ အမှန်ပင် ဖြစ်သည်။

ဒီလူဟာ ဘယ်လိုလူမျိုးလဲဆိုတာ. . . မိန်းကလေး တစ်ယောက်၏ရင်ထဲတွင်. . . ရောက်သွားပြီဆိုလျှင်. . . ထိုခံစားချက်သည်. . . ဇာတ်လမ်းတစ်ခုလည်း ဖြစ်ချင်ဖြစ်မည်. . . သို့မဟုတ် မှတ်တမ်းတစ်ခုလည်း. . . ဖြစ်ချင်ဖြစ်သွားနိုင်ပါသည်။








www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

ထို နေ့တစ်နေ့လုံး. . . နွေဦးမောင် ခါတ်ပုံမရိုက်။ ဆိုင်သို့ လာရိုက်သည့်လူများကို အောင်မော်. . . ကိုပေါက်နှင့်သာ လွှဲထားသည်။ ဦးငယ်ကလည်း. . . တေးနှစ်၊ တေးသုံးဆိုသော အသံ များနှင့် အမိန့်ပေးလျက်ရှိသည်။ နွေဦးမောင်. . . တစ်ခုခု ဖြစ်နေမှန်း. . .



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများက သိသဖြင့်. . . ဦးငယ်နှင့် တစ်စုံတစ်ရာ ပြဿနာ မတက်အောင်. . . တိတ်တိတ်ဆိတ်ဆိတ်ဖြင့်. . . လုပ်စရာရှိသည် များကို. . . လုပ်နေကြသည်။

နွေဦးမောင် စိတ်ထဲတွင်. . . ဧပရယ်နှင့် ပတ်သက်၍. . ရိုးရိုးသားသား တွေးကြည့်သည်။ သူသည်. . . ဧပရယ်ကို တကယ် ချစ်တာလား!!။

ရိုးရိုးကလေး စဉ်းစားကြည့်တော့မှ. . . ဖြည်းဖြည်းချင်း အဖြေက ရသည်။ သူသည်. . . ဧပရယ့်ကို. . . "ချစ်သည်" ဟု ပြောမည့်အစား မခံချင်စိတ်ဖြင့်လည်းကောင်း၊ ယောကျ်ားမာနဖြင့် လည်းကောင်း၊ တစ်ခါတစ်ရံ. . . သူ့ကို ချိုချိုသာသာ ဆက်ဆံ တတ်သော. . . ဧပရယ်၏ အပြုအမူများကို. . . ပင်ကိုယ်ဗီဇ အားနာစိတ်ဖြင့်လည်းကောင်း၊ လူငယ်တစ်ယောက်၏ ဆန့်ကျင် ဘက်အပေါ်တွင်. . . မြတ်နိုးလိုစိတ်ဖြင့်လည်းကောင်း. . . ကြိုးစား မိခဲ့ခြင်း ဖြစ်သည်ဟု. . . ခံစားရသည်။

သို့သော်. . . သူ့ကို "ကင်မရာနှင့် ကစားနေသောသူ" ဟု စွပ်စွဲလိုက်သော. . . ဧပရယ်၏မှတ်ချက်ကိုတော့. . . သူ ရအောင် ရှင်းမှ ဖြစ်မည်။ ထိုကိစ္စကို ရှင်းပြီးလျှင်. . . ဘယ်သူက ဘယ်လို မြှောက်ပေးပေး. . . ဧပရယ့်ကို ဘယ်တော့မှ မလိုက်တော့ဟု နွေဦး မောင် ဆုံးဖြတ်သည်။

ထိုအတွေး ဆုံးတော့. . . နွေဦးမောင်. . . သူ့စိတ်ကိုသူ လျှော့ချပစ်လိုက်သည်။ အထင်လွဲသည်ဆိုခြင်းမှာ. . . အဖြစ် အပျက်အမှန်ကို မသိရခင် အချိန်အတွင်းသာ. . . ခံစားမှု နှလုံးအိမ်





အတွင်းသို့. . . ခပ်တည်တည်ဖြင့် လာနေသော အကြောင်းအရာ ဖြစ်သည်။ အသေအချာ အမှန်တရားကို ရှင်းပြနိုင်လျှင်. . . ထိုအထင်လွဲနေသော အကြောင်းအရာသည်. . . စက္ကန့်ပိုင်းအတွင်း ထွက်ပြေးသွားရသည်ဆိုခြင်းကို. . . နွေဦးမောင် ယုံကြည်ပါသည်။ ထို့ကြောင့်. . . နွေဦးမောင်သည်. . . အမှန်တရားကို. . . ငါးမျှား သလို အေးအေးဆေးဆေး မျှားမည်ဟု. . . ဆုံးဖြတ်ပြီး. . . စိတ်ကို လျှော့လိုက်ခြင်း ဖြစ်သည်။ ခဏအကြာ. . . ဆိုင်ရှေ့မှ ဆူဆူညံညံ စကားပြောသံများ ကြားရ၏။ အောင်မော်. . . အခန်းထဲသို့ ဝင်လာ သည်။

"နွေဦး. . . မင်းကောင်မလေးတွေ ရောက်နေ တယ်"

မင်းကောင်မလေးတွေ. . . ဟု အောင်မော် ပြောသော စကားကို မကြိုက်သော်လည်း. . . နွေဦးမောင် ဘာမျှပြန်မပြောဘဲ အံဆွဲထဲမှ ဓါတ်ပုံများကို ထုတ်ကာ. . . အိမ်ရှေ့ ဓါတ်ပုံခန်းထဲသို့. . ထွက်ခဲ့သည်။ နွေဦးမောင်ကို တွေ့တော့. . . ကောင်မလေး သုံး ယောက်က. . . အားရဝမ်းသာဖြင့်. . . အလုအယက် ပြောကြ သည်။

"ဆရာ. . . ကျွန်မတို့ဓါတ်ပုံတွေ ရပြီလားဟင်!"

"ဆရာ. . . ဓါတ်ပုံတွေ ကောင်းရဲ့လား! သမီးပုံ လှရဲ့လား"

"ပုံကောင်းကောင်းတွေ မရရင် ပြန်ရိုက်မှာနော် ဆရာ၊ ဒီတစ်ခါတော့ ကျွန်မတို့ ကျသင့်ငွေ ရှင်းပါ



www.burmeseclassic.com

www.burmeseclassic.com



မယ်"

အလုအယက် စကားသံတို့ ဆုံးတော့. . . နွေဦးမောင် ခေါင်းကို ခါသည်။ ပြီးတော့. . . စိတ်ကို အတည်ငြိမ်ဆုံး ထားကာ သူ တစ်ခါမှ မပြောဖူးသော စကားကို ပြောသည်။

"ကျွန်တော်တို့. . . လက်ဖက်ရည်ဆိုင်ကို သွားကြရအောင်၊ အဲ့ဒီရောက်မှပဲ ပုံတွေ ကြည့်ကြတာပေါ့"

"ဟာ. . . ဟုတ်တာပေါ့၊ ဆရာက ငါတို့ကို. . . ပိုက်ဆံမယူဘဲ ရိုက်ပေးတာ. . . ဆရာ့ကို လက်ဖက်ရည်တော့ တိုက်ကို တိုက်ရမယ်၊ ကဲ. . . ရှင်တို့ရော လိုက်ကြဦးမှာလား!"

မိန်းကလေးသုံးယောက်အနက် ခပ်သွက်သွက် ကောင်မလေးတစ်ဦးက. . . ကိုပေါက်၊ အောင်မော်နှင့် ဦးငယ်တို့ဘက် လှည့်ကာ. . . မေးသည်။ သူငယ်ချင်းနှစ်ယောက်ကတော့. . . ဘာကို နားလည်ရမှန်း မသိသောအပြုံးဖြင့် ခေါင်းကို ခါသည်။

"လိုက်ခဲ့ပါရှင်. . . ကျွန်မတို့က ကျွေးချင်လို့ပါ"

သူငယ်ချင်းနှစ်ယောက်က. . . ငါးရံ့အပြုံးကလေးများဖြင့်. . . ဒုတိယအကြိမ် ခေါင်းခါကြပြန်သည်။

"အေး. . . မင်းတို့ မလိုက်ရင် ငါလိုက်မယ်ကွ၊ ညီမလေးတို့ရယ်. . . ဒီငတိနှစ်ကောင်က ဘာမှ လူမှုရေး၊ စီးပွားရေး၊ အားနာရေး. . . အဲ့ဒီသုံးခုရဲ့ အရိပ်အောက်က. . . မြင့်မြတ်တဲ့ စေတနာကို နား





လည်တဲ့ ဝေါတွေ မဟုတ်ဘူး၊ အဲဒီတော့. . . သူတို့ ကိုယ်စား. . . နားလည်ခံစားတတ်တဲ့ 'ဦး' လိုက်ခဲ့မယ်"

"ဟာ. . . ဦးငယ်ကလည်း၊ ဦးငယ် လိုက်လို့ ဘယ်ဖြစ်မလဲ၊ မေမေကိုယ်တိုင်က ဦးငယ်ကို. . . သူ ဈေးက ပြန်လာမှ. . . သွားစရာရှိတာ သွားလို့ မှာ သွားတယ် မဟုတ်လား!"

"အေး. . . မင်းအမေက ပြောသွားတာတော့ ဟုတ်တယ်၊ ဒါပေမယ့် မင်းအမေ ငါ့အစ်မ ဈေးသွားရင်. . . ဈေးကို ကိုးကြိမ်လောက် ပတ်ပြီး တစ်ခုခု ဝယ်ကာနီးရင်. . . အကြိမ်နှစ်ဆယ်လောက် ဈေးဆစ်နေတာနဲ့. . . ဆယ့်တစ်နာရီလောက်မှ ပြန်ရောက်တာပါကွာ. . . မှီပါတယ်"

"ဟာ. . . ဦးငယ်ကလည်း၊ ဒေါ်ဒေါ်က ဦးလေးကို ဆွမ်းလောင်းဖို့ မှာသွားသေးတယ်၊ ဆွမ်းဟင်းအတွက် ဘဲဥကြော်ရမယ်၊ ဦးငယ် ကြော်တာကို ဘယ်သူ မှီတာ ရှိလို့လဲ!"

နွေဦးမောင် စကားဆုံးတော့. . . ဦးငယ် ပါးစပ်နည်းနည်းဟကာသွားသည်။ ခပ်ချောချော မော်ဒယ်လေးသုံးယောက် ရှေ့မှာ ခိုးကျူးခံရသဖြင့်. . . ရှက်လည်းရှက်. . . ဂုဏ်လည်းဂုဏ်ယူသော. . . အမူအရာ ရှိသည်။

"ဒါပေမယ့်. . . ငါ မင်းသွားမယ့်ဆိုင်ကို လိုက်မှ



www.burmeseclassic.com

ကို ဖြစ်မယ်"

"ဦးငယ်ကလည်းဗျာ. . . ဘုန်းကြီးတွေ ဆွမ်းဘုဉ်းပေးမယ့်ကိစ္စကို. . . ငဲ့စမ်းပါဦး"

"ဟော့ကောင် နွေဦးငတိ. . . မင်းမှတ်ထားကွ၊ ငှက်တို့၏အားသည် အတောင်ပံ၊ ငါးတို့၏အားသည် ရေ၊ ကလေးတို့၏အားသည် ငိုခြင်း၊ မိန်းမတို့၏အားသည် စကား၊ ရဟန်းတို့၏အားသည် သည်းခံခြင်းတဲ့၊ အဲ့ဒီတော့. . . ဒီနေ့ တို့အိမ် ကြွမယ့် ရဟန်းတွေ သည်းခံကြပေတော့၊ ငါတော့ အဲ့ဒီဆိုင်ကို လိုက်မှကို ဖြစ်မယ်"

နွေဦးမောင်. . . ဘာပြန်ပြောရမှန်း မသိ။ မော်ဒယ် ကောင်မလေး သုံးဦးကတော့. . . နှုတ်ခမ်းကလေးများကို လက်နှင့်အုပ်ကာ ခပ်တိုးတိုး ရယ်ကြသည်။ ဖြစ်နိုင်ရင်တော့ နွေဦးမောင်က ဦးငယ်ကို ထိုဆိုင်သို့ မခေါ်ချင်ပါ။ ဒါပေမယ့်. . . မခေါ်ချင်သည့် ကိစ္စကို. . . အကြီးအကျယ် ငြင်းနေလျှင်. . . ဧပရယ်တို့ ဆိုင်မှ. . . ပြန်သွားမည်လည်း စိုးရိမ်ရသဖြင့်. . . နွေဦးမောင် ဘာမှမပြောဘဲ ကောင်မလေးသုံးဦး၏ဓါတ်ပုံများကို. . . အိတ်ထဲသို့ ထည့်ကာ. .

"ဦးငယ် လိုက်ချင်လည်းလိုက်ခဲ့၊ ဟိုရောက်ရင်တော့ ဦးငယ် ဘာမှ ဝင်မပြောနဲ့နော်"

"ငတိကလည်းကွာ. . . မမှားသင့်တာ မမှားအောင်တော့. . . ကြိုလာရင် ဆုံးမရမှာပေါ့၊ မင်းအမေကလည်း. . . အဲ့ဒီအတွက်ပဲ မင်းကို. . . ငါ့





လက်ထဲ အပ်ထားတာ မဟုတ်လား"

နွေဦးမောင်. . . ဘာမျှပြန်မပြောတော့ဘဲ. . . အိတ်ကို လွယ်ကာ. . . ဆိုင်ထဲမှ ထွက်သည်။ မော်ဒယ်ကောင်မလေးသုံးဦးနှင့် ဦးငယ်လည်း. . . နောက်မှ ပါလာကြသည်။ သို့သော်. . . နွေဦး နောက်သို့ လှည့်မကြည့်။ သူ့အသိထဲမှာ. . . စဉ်းစားနေသည်က. . သူသည် ရိုးသားသော လူတစ်ယောက် ဖြစ်ကြောင်းကို. . . ဘယ်လို စကားလုံးတွေနှင့် ပြောရမလဲဆိုတာပဲ. . . ဖြစ်သည်။

၅ ၅ ၅ ၅

www.burmeseclassic.com



ထိုနေ့မနက်က. . . ဧပရယ်သည်. . . နန်းကြီးသုပ်ကို မစားဘဲ. . . ပဲပြုတ်ထမင်းဆီဆမ်းနှင့် ကြက်ဥ ဟပ်ဘရိုက်တစ်လုံး ကိုသာ စားသည်။ ထိုနေ့က. . . သီရိမပါဘဲ. . . နှင်းနှင်းနှင့်သူ နှစ်ဦးတည်းသာ ဖြစ်သည်။ ထိုအချိန်မှာပင် နှင်းနှင်းက သူ့ကို. . . အထိတ်တလန့် လှမ်းပြောသည်။

"ဧပရယ်. . . နွေဦးမောင်-ဟိုကောင်မလေးသုံး ယောက်နဲ့. . . လာပြန်ပြီကွ"

နှင်းနှင်းစကားကြောင့်. . . ဧပရယ် လှမ်းကြည့်တော့. . . နွေဦးမောင်က ရှေ့မှ ဖြစ်သည်။ ကောင်မလေးသုံးယောက်နှင့် ဦးလေးဖြစ်သူက. . . နောက်မှ ရယ်ရယ်မောမောဖြင့်. . . ဆိုင်ထဲ သို့ ဝင်လာကြသည်။

"ကျွန်တော်. . . ဒီဝိုင်းမှာ ခဏထိုင်လို့ရမလား!"





ဧပရယ်က. . . ဘာမှမပြောဘဲ. . . မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်သည်။ နှင်းနှင်းက. . . ဧပရယ့်၏အခြေအနေကို ကြည့်ပြီး မယုတ်မလွန်အသံဖြင့်. . . ပြောသည်။

"ဘာကိစ္စများ ရှိလို့လဲ!"

"ဟိုတလောက ကိစ္စကို. . . သက်သေနဲ့အတူ ရှင်းပြချင်လို့ပါ၊ ကဲ. . . မင်းတို့ ထိုင်လေ၊ ဦးငယ် လည်း ထိုင်. . ."

ကောင်မလေးသုံးယောက်နှင့် ဦးငယ်က. . . ဘာမှ နားမလည်သည့်ပုံစံဖြင့်. . . ခပ်ပြုံးပြုံးနှင့် ဝင်ထိုင်သည်။

"တလောက. . . အထင်လွဲသွားတဲ့ကိစ္စကို. . . ဧပရယ့် စွပ်စွဲချက် မမှန်ဘူးဆိုတာ ရှင်းပြချင်လို့ပါ၊ သူတို့က ကျွန်တော့်ဆီမှာ. . . ဂျာနယ်တွေ မဂ္ဂဇင်းတွေမှာ ထည့်ဖို့ ဓါတ်ပုံလာရိုက်တဲ့ မော်ဒယ်လေးတွေပါ၊ မယုံရင်. . . သူတို့ကို ကိုယ်တိုင်မေးကြည့်ပါ"

"ဩော်. . . ဟုတ်ကဲ့"

ဧပရယ်က. . . အားနာခြင်း၊ ထင်မှတ်မထားခြင်းတို့ဖြင့်. . အံ့ဩပြုံးကလေး ပြုံးကာ. . . ခေါင်းညိတ်၍ နှုတ်ဆက်သည်။ မော်ဒယ် ကောင်မလေး သုံးယောက်ကလည်း. . . အချင်းချင်း လှမ်းကြည့်လိုက်ကြရင်း. . . တစ်ခုခုကို သဘောပေါက်သွားသလို သုံးယောက်စလုံး ပြုံးလိုက်ကြသည်။

"ဟုတ်ပါတယ် မမ၊ ကျွန်မတို့ သုံးယောက်စလုံး က. . . ပြီးခဲ့တဲ့လကမှ. . . မော်ဒယ်သင်တန်းဆင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့. . . ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ သဘာဝ ကျကျနဲ့ လှလှပပ ပုံလေးတွေ ပါချင်တာနဲ့. . . ဟောဒီက မီမင်းကိုရဲ့အစ်ကိုက. . . ညွှန်တာနဲ့. . . ကျွန်မတို့ ဆရာ့ဆီကို ရောက်ခဲ့တာပါ"

"ဟုတ်တယ် မမရဲ့၊ ဆရာက ဓါတ်ပုံရိုက်တာ အရမ်းစိတ်ရှည်တာ၊ သူ့စိတ်ကြိုက် မရမချင်း. . . တစ်ပုံပြီးတစ်ပုံ ရိုက်တာ. . . ပြီးတော့ ဖလင်ဖိုးက လွဲပြီး. . . ဓါတ်ပုံဖိုး မယူဘူး၊ ဆရာကမှ တကယ့် ဝါသနာရှင်အစစ်ပဲ"

"ကျွန်မတို့ ပြောတာ. . . အမှန်တွေပါပဲ မမ ရယ်၊ ဆရာ. . . ကျွန်မတို့ကို ဓါတ်ပုံတွေ ပြတော့ လေ. . . ကြည့်ချင်လှပြီ"

ကောင်မလေးသုံးယောက် စကားဆုံးသည်နှင့်. . . နွေဦး မောင်က. . . သူ့အိတ်ထဲမှ ဓါတ်ပုံများကို. . . ထုတ်ယူလိုက်သည်။ ဓါတ်ပုံများကို မြင်သည်နှင့် တစ်ပြိုင်တည်း. . . ကောင်မလေးသုံးဦး က. . . ဘာကိုမျှ ဂရုမစိုက်ကြတော့ဘဲ. . . သူတို့ပုံများကို အလု အယက် ကြည့်ကြသည်။ ဆိုင်တစ်ဆိုင်လုံးက. . . သတိပြုမိ လောက်အောင်ပင် ပကတိ ပျော်ရွှင်နေကြသည်။

လူဆိုသည်မှာ. . . မိမိပုံကိုမိမိ. . . နေ့စဉ် မှန်ထဲတွင် မြင် နေရပါလျက်နှင့်. . . မိမိပုံကိုပင် ဓါတ်ပုံရိုက်ပြီးသည့်အခါ. . . အထူးအဆန်းလို ပြန်ကြည့်ချင်သည့်စိတ်မှာ. . . တော်တော်အံ့ဩဖို့ ကောင်းသည်။ စာရေးဆရာများ. . . ကိုယ်ရေးထားသည့်စာကို





ကိုယ်ပြန်ဖတ်ချင်သည့်စိတ်နှင့် တူလိမ့်မည်ဟု ထင်သည်။ သူတို့ ပျော်နေကြပုံကို ကြည့်ပြီး. . . နွေဦးမောင်သည်. . . ဝါသနာပီတိ ဖြင့်. . . ရင်ထဲမှာ ပျော်လျက် ရှိသည်။ ဓါတ်ပုံများကို သူတို့သုံးဦး ကြည့်ပြီးတော့မှ. . . နွေဦးမောင်က. . . ကြွေနွေရှိရှိအသံဖြင့် ပြော သည်။

"ဓါတ်ပုံတွေကို. . . ရောမပစ်လိုက်ပါနဲ့၊ ပထမ အဲ့ဒီထဲမှာ ထည့်ထားတဲ့ ပုံတွေက. . . ကျွန်တော် အကြိုက်ဆုံး ပုံတွေပါ၊ ဒုတိယ အိတ်ထဲက ပုံကတော့ မင်းတို့သဘောအတိုင်းပဲ"

"ဟုတ်ကဲ့ပါ ဆရာ. . . ကျွန်မတို့အားလုံးက တော့ ဓါတ်ပုံတွေအားလုံးကို စိတ်တိုင်းကျပါတယ်၊ မလှတဲ့ပုံ တစ်ပုံမှ မရှိဘူး ဆရာရဲ့"

"ဆရာ ဦးစားပေးထားတဲ့ပုံတွေကို. . . ပထမ ဦးဆုံး ဂျာနယ်နဲ့ မဂ္ဂဇင်းမှာ ထည့်မှာပါ. . . စိတ်ချပါ ဆရာ"

"စိတ်ချပါ မမရယ်. . . ကျွန်မတို့က ဆရာ့ဆီက ဓါတ်ပုံကောင်းကောင်း လိုချင်တာပါ၊ အခုလည်း ဓါတ်ပုံကောင်းကောင်းတွေ ရပါပြီ၊ ဆရာနဲ့ မမတို့ရဲ့ ချစ်ခြင်းက. . . ကျွန်မတို့အတွက်နဲ့ စိတ်အနှောင့် အယှက် ဖြစ်သွားတယ်ဆိုရင်. . . တောင်းပန်ပါ တယ်၊ ဆရာက ဓါတ်ပုံရိုက်ရင် သိပ်စိတ်ရှည်တာပဲ. . . သိလား မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ဒီလို စိတ်ရှည်တဲ့လူမျိုးနဲ့ သမီးရည်းစား ဖြစ်ရတာ ပျော်စရာကောင်းမှာပါ၊ ကျွန်မတို့အတွက် ဘာမှ စိတ်အနှောင့်အယှက် မဖြစ်နဲ့ သိလားမမ၊ မနက်ကဆို. . . ဆရာ့မျက်နှာက. . . မှုန်ကုတ်နေတာပဲ"

"ဟုတ်တယ်. . . ဆရာက စကားတစ်ခွန်းမှ မပြောဘဲ. . . ဓါတ်ပုံတွေ အိတ်ထဲ ထည့်ပြီး. . . ဒီဆိုင်ခေါ်လာတာ၊ ကျွန်မတို့ကြောင့် မမနဲ့ ပြဿနာတက်နေမှန်း. . . ပြောကိုမပြောဘူး၊ စိတ်မဆိုးပါနဲ့ မမရယ်၊ ဆရာနဲ့ မမက ရှေ့သွားနောက်လိုက် အရမ်းညီပါတယ်"

"ဟာ. . . မင်းတို့ ဘာတွေ လျှောက်ပြောနေတာလဲ!"

"ရှက်မနေပါနဲ့ ဆရာရယ်. . . ဆရာက ကျွန်မတို့ ရုပ်ကလေးတွေကို လှလှလေး ရိုက်ပေးသလို ဆရာ့နှလုံးသားလည်း. . . လှလှပပကလေး ဖြစ်သွားအောင်. . . ကျွန်မတို့က ကူရှင်းပေးတာပါ"

စကားဝင်ပြော၍မရအောင်. . . ဆက်တိုက်ပြောသွားသော. . . ကောင်မလေးသုံးယောက် စကားကြောင့်. . . နွေဦးမောင် ဘာဝင်ပြောရမှန်း မသိ။ ပင်ကိုယ် အားနာတတ်သည့် ခံစားမှုကလည်း. . . လည်ချောင်းထဲမှာ ပန်းသီးတစ်လုံးလုံး နင်နေသလို ဘာသံမှ ထွက်၍မရ။





"မမ. . . ဆရာ့ကို စိတ်မဆိုးနဲ့နော်၊ အားလုံးလည်း ကျွန်မတို့ ရှင်းပြီးပြီ. . . တာ့တာ. . ကျွန်မတို့ သွားပြီ"

ပျော်ပျော်ရွှင်ရွှင်နှင့် ထွက်သွားကြသော. . . ကောင်မလေးသုံးယောက်ကို ငေးကာ. . . နွေဦးမောင် ဘာပြန်ပြောရမှန်း မသိ။ သူတို့စကားဝိုင်းသည်. . . ကြောက်မက်ဖွယ်ရာ. . . တိတ်ဆိတ်သွားသည်။ ထိုတိတ်ဆိတ်မှုထဲတွင်. . . ဇေပရယ်၏မျက်လုံးသည်. . . ဖြည်းဖြည်းချင်း သွေးထားသော ဓါးတစ်ချောင်းလို. . . အရောင်တလက်လက် ဖြစ်လာသည်။ ထိုမျက်လုံးကို နွေဦးမောင် မကြည့်ရဲသဖြင့်. . . ခေါင်းငုံ့ထားလိုက်သည်။

"ရှင်နဲ့ကျွန်မ. . . သမီးရည်းစားလို့. . . သူတို့ကို ပြောထားတယ် မဟုတ်လား၊ တော်တော် အကြံပိုင်တယ်ပေါ့လေ"

ထိုအသံသည်. . . သံပ်အကျယ်ကြီး မဟုတ်သော်လည်း ကျောက်တောင်တန်းတစ်ခုလို. . . ခိုင်မာ မာကျောမှန်း. . . နွေဦးမောင် သိသည်။

"ကျွန်တော် မပြောခဲ့ပါဘူးခင်ဗျ. . . ဟိုတစ်ရက်က ဓါတ်ပုံရိုက်တဲ့ကိစ္စမှာ ဇေပရယ် အထင်မှားသွားလို့. . . သူတို့ကို ခေါ်ပြီး. . . ကျွန်တော် မှန်ကြောင်းကို. . . ရှင်းပြတာ"

ဇေပရယ်က. . . ဟက်ကနဲ တစ်ချက်ရယ်သည်။ ပြီးတော့ ခေါင်းကို သုံးလေးငါးခါ ညိတ်၏။ ပြီးတော့မှ. . . လေသံအေးအေး



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ပြောသည်။

"အဲဒါလည်း. . . အရှက်ခွဲတာနဲ့ အတူတူပါပဲ၊ သူတို့ ပြောသွားတဲ့စကားမှာ. . . ရှင်နဲ့ကျွန်မက. . . သမီးရည်းစားကို ဖြစ်လို့ ဒါ တစ်ဝိုင်းလုံး ကြားတဲ့ကိစ္စပဲ၊ ရှင်က. . . ကျွန်မနောက်ကို အရင်တုန်းက. . . လိုက်ခဲ့တယ်၊ အခုလည်း သမီးရည်းစား မဟုတ်ပဲနဲ့ အပြောခံရတယ်၊ အဲဒီတော့ ရှင့်ကို ကျွန်မ အပြစ်ပေးရမယ်"

"ဒီလိုပါ ငါ့တူမကြီးရယ်. . . ကဗျာတစ်ပုဒ်မှာ ကာရန်နဲ့ ရစ်သမ် တစ်ထပ်တည်း မကျနိုင်သလို. . . အခု ငါ့တူရဲ့ကိစ္စမှာလည်း. . ."

"ဦးငယ်. . . တော်ပါတော့ဗျာ၊ ဦးငယ် ပြောမှ ပိုရှုပ်ကုန်ပြီ၊ ကျွန်တော့်ကို ဘာအပြစ်ပေးချင်တာလဲ၊ ကဲ. . . ပြော"

"ကျွန်မ ပေးတဲ့အပြစ်ကို. . . အသေအချာ တာဝန်ယူမယ်လို့. . . ကတိပေးရဲသလား!"

နွေဦးမောင်. . . ခဏစဉ်းစားသည်။ သူသည်. . . ရှက်တတ်သည်။ သို့သော်. . . မာနကြီးသည်။ ထိုမာနနှင့်ပင် သူ. . . ဆုံးဖြတ်ချက်တစ်ခုကို. . . ချသည်။

"ကျွန်တော် ယောကျ်ားကတိ ပေးပါတယ်၊ ကျွန်တော် ဘာလုပ်ရမလဲသာ ပြောပါ"

"ကောင်းပြီ. . . အခု သင်္ကြန်ကျဖို့. . တစ်ပတ်

BURMESE CLASSIC .com



လိုသေးတယ်၊ သင်္ကြန်အကျနေ့မှာ. . . ကျွန်မ ပန်ဖို့ ပိတောက်ပန်း လာပေးနိုင်ရင်. . . ပြီးတာပဲ"

စကားဆုံးသည်နှင့်. . . ဇပရယ်က နှင်းနှင်းကို ခေါ်ကာ. . ထွက်သွားကြသည်။ နွေဦးမောင်. . . ဘယ်သူ့ကိုမှန်းမသိ. . . အားနာနေမိသည်။ ထိုအားနာစိတ် ပြီးလျှင်. . . သူ့နှလုံးသားထဲ၌ အကျယ်လောင်ဆုံးအသံမှာ. . . သင်္ကြန်အကျနေ့နှင့် ပိတောက်ပန်းသာ. . . ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com





အခန်း(၅)

"ပေရယ်. . . မင်း ဘာသဘောနဲ့ အဲဒီလူကို ဒီလိုသွားပြီး စိန်ခေါ်ရတာလဲ!"

သီရိစကားဆုံးတော့ ပေရယ်က ပြုံးရုံသာ ပြုံးသည်။ သူ့အပြုံးက ငါ့ကိစ္စ ငါသိပါတယ် ဆိုသည့် အပြုံးမျိုး။ သူပြောခဲ့သည်စကားက သူ့အတွက် မှန်ကို မှန်သည်ဟု. . . ယုံကြည်သည့် အပြုံးမျိုးပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ဟုတ်တယ် ဧပရယ်,ရယ်၊ စိတ်ထဲ ရှိတာတွေ လျှောက်မလုပ်ပါနဲ့"

ရိုးရိုးကလေး နေတတ်သော. . . နှင်းနှင်းက လေသံအေး အေးကလေးနှင့် ဝင်ပြောသည်။ ဧပရယ်က ပြုံး၏။

"ကိုယ် တမင်တကာ ပြောခဲ့တာဆိုရင်. . . မင်းတို့ ဘာပြောမလဲ!!"

"တမင်တကာ. . . !!"

"ဟုတ်တယ်လေ"

နှင်းနှင်းက ခေါင်းခါသည်။ သီရိက မဲ့၏။ ဧပရယ်က ပြုံးကာနေသည်။

"တို့ သင်္ကြန်ကို ချောင်းသာမှာ. . . သွားကဲကြ မယ်ဆို၊ အခု မင်းက. . ."

"မင်းတို့ အဲဒါ ညံ့တာပေါ့ သီရိရယ်၊ အဲဒီ အစီအစဉ်ကို ငါဖျက်မယ်ထင်ပြီး မင်းတို့ စိတ်ပူ နေကြတာလား! မဖျက်ပါဘူး. . . ငါ ချောင်းသာကို မင်းတို့နဲ့အတူ လိုက်မှာပါ"

"ဟင်. . . ! ဒါဆိုရင်. . . သူ့ကို ပြောခဲ့တဲ့ စကားက. . ."

"မိနှင်းရယ်. . . တမင်ပညာပေးခဲ့တာပေါ့ဟာ၊ သူ ငါ့ကို ချစ်တယ်လို့ပဲ ပြောနေတာ၊ ဘာမှ လုပ်ပြတာ မရှိဘူး၊ သူ ငါ့ကို ဘယ်လောက်အထိ ချစ်သလဲ



ဆိုတာတော့. . . ငါလည်း သိချင်တယ်လေ၊ သူ့ကို ပြန်ချစ်ဖို့ မချစ်ဖို့ကို အဲဒီတော့မှ စဉ်းစားမယ်"

"ဟဲ့. . . ဧပရယ်. . . ကောင်မရယ်၊ ဟိုက ချောင်းသာကို ပိတောက်ပန်းတွေနဲ့ လိုက်လာရင် ဘယ်လိုလုပ်မလဲ!"

သီရိက ရင်ကို ဖိကာ. . . အလန့်တကြား ဆိုသည်။

"စိတ်ချပါကွာ. . . မင်းလူ ချောင်းသာကို ပိတောက်ပန်းနဲ့ ရောက်မလာနိုင်ပါဘူး"

"ဧပရယ်. . . ငါက စာရေးဆရာ မင်းလူကို ပြောနေတာ မဟုတ်ဘူး၊ အဲဒီစာရေးဆရာ မင်းလူဆို တာက ပိန်ပိန်. . . ခါးက ကိုင်းကိုင်းနဲ့. . . စကား တစ်ခွန်း ပြောဖို့ ဆယ်မိနစ်လောက် စဉ်းစားနေတာ၊ ပြီးတော့. . . ဆေးပေါ့လိပ်ကလည်း သောက်သေး"

"ဟုတ်ပ. . . ရေးတဲ့ စာတွေက ရယ်ရသ လောက် လူကို တွေ့ရင် တော်တော် သနားဖို့ကောင်း တဲ့ ပုံစံပဲ၊ မိန်းမလည်း ကြောက်ရတယ်ဆို. . ."

"ဟုတ်မှာပေါ့. . . အိတ်ထဲမှာတော့ ပိုက်ဆံ အိတ်ကြီး ထည့်ထားတာ ဖောင်းနေတာပဲ၊ တစ်ခါ ငါတွေ့တာ အဲဒီပိုက်ဆံအိတ်ကို ဖွင့်ပြီး ပိုက်ဆံရှင်း တော့. . . နှစ်ခေါက် လယ်သာအိတ်ကလေးထဲမှာ စက္ကူတွေ. . . ကဒ်ပြားတွေ. . . အဆောင်လက်ဖွဲ့ တွေနဲ့ ပိုက်ဆံကျတော့ နည်းနည်းကလေး ပါတာဟ!

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အတူ သောက်နေတဲ့ ကောင်လေးက ရှင်းမယ်ဆို တော့ လက်ကာတယ်"

"သူ ရှင်းလိုက်တယ်ပေါ့"

"ဘယ်က ဟုတ်ရမှာလဲ! မင်းပဲ ရှင်းလိုက် ကွာ. . . တဲ့၊ ပြီးတော့မှ ငါ အခုပေးတဲ့ ဝတ္ထုစာမူခ ထဲက နှုတ်လိုက်တဲ့၊ သနားပါတယ်ဟာ. . . သူ့ မိန်းမက သူ့ကို ဟင်းကောင်းကောင်း ချက်မကျွေးဘူး နဲ့ တူပါရဲ့. . . ပိန်ကပ်လို့ ပြီးတော့ လက်သည်းထဲမှာ လည်း ချေး(ကျီး)တွေနဲ့ဟ. . . !"

နှင်းနှင်း စကားဆုံးတော့ သီရိ မျက်လုံးပြူးသွားသည်။

"အမလေး. . . ရွှံ့စရာကြီး. . . နင်ကလည်း ဒီ လောက်အထိ လိုက်ကြည့်ရသလား"

"သူက. . . မင်းလူကိုကွ. . ."

"အမလေး. . . ဒါမျိုးတော့ တို့လူ မလုပ်ပါရစေ နဲ့၊ မင်းလူပဲ လုပ်ပါ"

"ငါပြောတာ. . . မင်းလူ. . ."

မိနှင်းနှင့်သီရိ ငြင်းနေချိန်တွင်. . . ဧပရယ် ဘာမှမပြော သော်လည်း အခုကျမှ စကားကို ဝင်ထောက်သည်။

"ဒီမှာ. . . ကိုယ်ပြောတဲ့ မင်းလူဆိုတာ မင်းတို့ ပြောနေတဲ့ စာရေးဆရာ မင်းလူကို ပြောတာ မဟုတ် ဘူး၊ ဘစ်ရွက်ခြောက် လှည်းကြိတ်ခံထားရသလို ပြား ကပ်နေတဲ့သူမျိုးကို ငါပြောစရာလား! အဲဒါ နွေဦး





မောင်ကို ပြောနေတာ"

"ဟင်. . . နွေဦးမောင်က မင်းလူပဲ၊ တို့နဲ့ ဘာ ဆိုင်လို့လဲ!"

သီရိက မျက်မှောင်ကလေး ကြုံ့ကာ ပြောသည်။

"ကိုယ် သူ့ကိုမှ မကြိုက်တာ၊ သူ့ကိစ္စနဲ့ ပတ် သက်ရင် ရှေ့ကျရင်တော့ ရန်တွေ့ပါရဲ့၊ ပြီးရင် သနား နေတဲ့ စကားတွေပဲ ပြောနေတာ၊ အဲဒါ မင်းလူပေါ့"

"ဘာဆိုင်လို့လဲ. . . မင်း တစ်ခါတစ်ခါ အရမ်း ရစ်တာကို သူက ရှက်လည်းရှက် သီးလည်း သည်းခံ ဆိုတော့. . . အဲဒါပဲ ပြောတာ"

သီရိက ဒေါသနှင့် ပြန်ပြောသည်။ မိနှင်းကတော့ လေအေး ကလေးနှင့်သာ ပြော၏။

"သူက တို့လူ ဖြစ်ရအောင်. . . ခင်မင်ရိပ် ကလေးတောင် ပြတာ မဟုတ်ပါဘူးကွာ၊ သူ့အာရုံက မင်းဆီမှာပဲ ရှိတာပါ၊ သူဟာ. . . မင်းလူပါ"

"မဟုတ်ဘူး. . . ငါ့လူမဟုတ်ဘူး၊ မင်းလူ. . ."

"မင်းလူပါကွာ. . ."

"မင်းလူ. . ."

"မင်းလူ. . ."

"တော်ပါတော့ဟယ် မင်းလူပဲဖြစ်ဖြစ်. . . ငါ့လူ ပဲဖြစ်ဖြစ်. . . ဘာမှမဟုတ်တာ၊ အခုနေ ရခိုင်မုန့်[illegible] လေးတစ်ပွဲလောက် သောက်လိုက်ရရင် မ[illegible]ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား! ဧပရယ်. . . ရခိုင်မုန့်တီ ကြိုက်တယ်ဆို. . ."

မာနဖြင့် တင်းခံနေကြသော သူငယ်ချင်း နှစ်ယောက်အကြားကို နှင်းနှင်းက ဝင်ပြီး. . . အာရုံပြောင်းခြင်း ဖြစ်သည်။ ဒီတော့မှ. . . ဟိုနှစ်ယောက်လည်း နည်းနည်းငြိမ်ကာသွား၏။ သူတို့အသိစိတ်နှင့် လျှာဖျားပေါ်တွင်. . . ပူပူ. . . ချဉ်ချဉ်. . . စပ်စပ် ရခိုင်မုန့်တီက ရောက်လာသည်။ မင်းလူတွေ. . . ငါ့လူတွေ မရှိတော့။

"အေး. . . ကောင်းသားပဲ၊ ဘယ်မှာ ရှိလို့လဲ!"

"ဧပရယ်ကလည်း. . . ရှေ့ကို ကွေ့ရင် ရောက်ပြီလေဟာ၊ အသင်းတိုက်မှာ ရှိတယ်၊ အဲဒီမုန့်တီက ကောင်းမှကောင်း. . ."

သီရိစကားကို ဧပရယ်က မျက်လုံးကလေးပြူး ခေါင်းကလေး ညိတ်ကာ သဘောတူလိုက်သည်။ သူလည်း ငရုပ်သီးစိမ်းစပ်စပ်နှင့် ရခိုင်မုန့်တီတစ်ပွဲ သောက်ချင်နေပါသည်။

မိနှင်းကလည်း သူ့အကြံအစည် အောင်မြင်သွားသဖြင့် ဝမ်းသာနေသည်။ ဒါပေမယ့်. . . သူ ငရုပ်သီးစပ်စပ်ကို များများ မထည့်ဖို့ကိုတော့ ကိုယ့်ကိုယ်ကို သတိပေးလိုက်သည်။

သူ့မှာက အစာအိမ်ရောဂါ ရှိသည် မဟုတ်လား!။

ဧပရယ်နှင့် သီရိတို့ကတော့ ငရုပ်သီးစပ်စပ်ကို ထည့်ကာ မုန့်တီကို ရှူးရှူးရှဲရှဲနှင့်သောက်နေကြ၏။ သူတို့လို သောက်ချင်သော်လည်း မသောက်နိုင်သဖြင့် မျက်နှာအလွှဲတွင်. . .

"ဟယ်. . . မင်းလူ. . . မင်းလူ၊ ဧပရယ်. . .





မင်းလူကွ၊ သီရိ မင်းလူ. . ."

ဧပရယ်ရော သီရိပါ အလန့်တကြား ကြည့်ကြသည်။ သူတို့စိတ်ထဲမှာ. . . မင်းလူဆိုတာ နွေဦးမောင်ကို ပြောသည်ဟု ထင်သောအကြည့်နှင့် ကြည့်ခြင်း ဖြစ်ပါသည်။

"ဘယ်မှာလဲကွ!"

ဧပရယ်က စိတ်မရှည်သလို မေးသည်။

သီရိကလည်း လျှောက်ရှာနေ၏။ သို့သော် မိနှင်းပြောသော မင်းလူဆိုတာကို သူမတွေ့။

"ဟော့ကောင် မိနှင်း. . . မနောက်နဲ့ကွာ"

"မိနှင်း. . . ဒီငတိက ဒီအထိ လိုက်လာဖို့တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး. . . မစပါနဲ့ကွာ"

"မစဘူး. . . မိနှင်း အခုပြောနေတာက မင်းလူအစစ်. . . ဟောဟိုမှာ တွေ့လား၊ ရွှေကြေးစည် လက်ဖက်ရည်ဆိုင်ရဲ့ ညာဘက်စားပွဲမှာ ထိုင်နေတာ. . . အဲဒါ. . . မင်းလူပဲ"

"ဟယ်. . . !!"

ထိုအချိန်တွင်. . . ကိုမင်းလူမှာ. . . ညနေရီနေရောင်ကို ငေးရင်း. . . ဖြတ်သွားသော ကားများကို လိုက်ကြည့်ရင်း. . . လက်ထဲက ဂျက်ကမ္ဘာ ဆေးပေါ့လိပ်ကို ဖွာရှိုက်ရင်း. . . မိန်းမငယ်ငယ်ကလေး အိမ်ပေါ်က ဆင်းသွားသော အဖိုးအိုကြီးတစ်ယောက်ရပ်လျက် ရှိလေသည်။

"အမလေး. . . အဲဒါ မင်းလူလား!"



www.burmeseclassic.com

www.burmeseclassic.com



သီရိက မျက်နှာကို မဲ့ရှုံ့ကာ မေးသည်။

"ဟုတ်ပါတယ်ဟဲ့. . . အဲဒါ မင်းလူပါ"

မိနှင်းက အားတက်သရော ဖြေသည်။ ဧပရယ်က. . . လျှာထုတ်ကာ ပြောင်ပြရင်း. . .

"သေချာလို့လား!! သူ့စာတွေထဲကလိုလည်း မဟုတ်ပါလား! ပုံစံကို ကြည့်ဦး၊ တစ်ခုခုကို အရမ်းဝမ်းနည်းနေသလိုပဲ၊ သူ့စာတွေကျတော့ ရယ်ရတယ်"

ဧပရယ့်စကားကြောင့် မိနှင်းက ပြုံးသည်။

"သေချာပါတယ်ဟာ. . . မိနှင်း သူနဲ့ နှစ်ကြိမ်ကြုံဖူးတယ်၊ ကဲ. . . မဟုတ်ဘူးလို့ ထင်ရင် သွားမိတ်ဆက်မလား!"

"အမလေး. . . ဒါမျိုးကြီးတော့ မလုပ်ပါနဲ့၊ မင်းလူဆိုတော့ မင်းပဲ သွားပါ"

သီရိက ကြောက်လန့်တကြား အော်သည်။

ဧပရယ်က ရယ်သည်။

မိနှင်း လှမ်းကြည့်တော့. . . ဆေးပေါ့လိပ်ငွေ့တွေကြားထဲမှာ. . . မသဲမကွဲသော. . . စာရေးဆရာ မင်းလူကို မြင်ရလေသည်။

(ထိုသို့ရေးပေးရန်အတွက်. . . စာရေးဆရာ မင်းလူက ကျွန်တော့်အား ဂုဏ်ပြုချီးမြှင့်ပြီး. . . "ရွှေကြေးစည်" လက်ဖက်ရည်





ဆိုင်တွင် ဘဝတစ်သက်တာ. . . အခမဲ့ သောက်သုံးခွင့် ရှိကြောင်း ဝမ်းသာအားရ ကမ်းလှမ်းခဲ့ပါသည်။)

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၆)

ငှဦးမောင် မနက် မိုးလင်းလင်းချင်း ပထမဦးဆုံး သတိရသောကိစ္စမှာ ပိတောက်ပင်ပဲ ဖြစ်သည်။ ပိတောက်ပင်ကို သူ ဒီနေ့ ရအောင် ရှာမည်ဟု ဆုံးဖြတ်ထားသည်။ သူ ဧပရယ်ကို ချစ်ပါသည်။ အခု ပိတောက်ကို သူ ရအောင်ရှာခြင်းမှာ. . . ချစ်ခြင်းထက် မာနက ပိုများသည်ဟု သူထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ပိတောက်ကို သူ ရအောင် ရှာရတော့မည်။ ပိတောက်ရလျှင် သူ့မာနကို ဇပရယ်ဆီမှ ပြန်ရပြီး အချစ်ကိုတော့ တဖြေးဖြေးချင်း တိုက်ခိုက်ယူမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

"ပန်းပိတောက်ကို ချစ်တယ်. . . ပန်းပိတောက်ကို ချစ်တယ်"

"ပိတောက်. . . ဘယ်မှာလဲ ပိတောက်၊ အေး ပိတောက်ရှိရင် လုပ်စမ်းပါကွာ၊ ငါ ပိတောက်ပန်း ရှာနေတာ၊ ဘယ်မှာလဲဟင် ပိတောက်က. . ."

"ဟိတ်ကောင်. . . ငါဆိုတာ သီချင်းပါကွာ၊ တွံတေးသိန်းတန်ရဲ့သီချင်းပါ၊ မင်းဘာဖြစ်နေတာလဲ"

"ပိတောက်ကွာ. . . ပိတောက်၊ မင်းတို့လည်း သိရက်သားနဲ့. . . ငါ သူ့ကို ပိတောက်ပန်း ပေးရမယ်လေ"

"ငါလည်း သကြၤန်နား နီးလို့ပါကွာ၊ ပိတောက်သီချင်းလေး ဆိုမိတာပါ၊ မင်းက အဲဒါကို လာပြီးတော့ အော်ကြီးဟစ်ကျယ်တော့ မလုပ်ပါနဲ့၊ ငါ ဆိုင်သွားဖွင့်တော့မယ်"

ကိုပေါက် လှည့်အထွက်တွင် တံခါးဝ၌ ဦးငယ်နှင့် တည့်တည့်တိုးသည်။ ဦးငယ်က ကိုပေါက်ကို သူ၏ရယ်ရသော ဒေါသမျက်နှာကြီးဖြင့် ခပ်တည်တည် ကြုံးဝါးသည်။

"ဟိတ်ကောင် ငတိ၊ မင်း ငါ့တူကို ဘာဒုက္ခပေးသွားတာလဲ"

"မပေးပါဘူး ဦးလေးရာ၊ သူက ပိတောက်လို့ ပြောလို့ပါ"

"အေး. . . ပိတောက်ဆိုတော့လည်း ပိတောက်ပေါ့ကွာ၊ မင်း ရီတီးယားတား လုပ်ရင်တော့ လက်သီးကို ကြည့်ထား"

"အမလေး. . . လက်သီးကလည်း မည်းမည်းကြီး"

"ဟိတ်ကောင်. . . ငတိ(၂)၊ မင်းက ငါ့ကို စော်ကားနေတာလား"

ထိုအချိန်တွင် နွေဦးမောင် အခန်းထဲမှ ထွက်လာပြီး ကိုပေါက်နှင့် ဦးငယ်တို့ကြားကို ဝင်ရပ်ပြီး စိတ်ညစ်ညစ်နှင့် ပြောသည်။

"ဦးငယ်. . . ပိတောက်ဆိုတာ ကျွန်တော်က ပြောတာပါ. . . သိရဲ့သားနဲ့၊ ပိတောက်ပန်း ရမှ ဖြစ်မယ်လေ"

"ဩော်. . . ဟိုကောင်မလေးကိစ္စလား!" အခုမှ ဦးငယ်က ဝမ်းပန်းတသာ ပြောသည်။

"ဟိုနေ့ကပဲ ဖြစ်ထားတာ ဦးငယ်ရာ၊ ဦးငယ်လဲ အသိပဲ၊ ကဲ. . . တော်ပြီ၊ ကျွန်တော်တို့ ပိတောက်ပန်း လိုက်ရှာကြဦး"

"တစ်ခုခုတော့ စားပါဦး ငါ့တူရာ၊ ပြီးတော့မှ



www.burmeseclassic.com

www.burmeseclassic.com



သွားတာပေါ့"

"မရဘူး ဦးငယ်၊ ကျွန်တော် ပိတောက်ပန်း မတွေ့ရင် ဒီနေ့ ဘာမှစားလို့ရမှာ မဟုတ်ဘူး"

ထိုအချိန်တွင် အောင်မော် ရောက်လာပြီး ဆိုင်တံခါးဖွင့်ရက်တန်းလန်းကြီးနှင့် လူတစ်ယောက်မှ မရှိသဖြင့် အောင်မော်က ကိုပေါက်နှင့် နွေဦးကို ဆူသည်။

"အောင်ဇော်ရာ. . . ဟော့ဒီမှာ နွေဦးက ပိတောက်တဲ့"

"သူ့ဘာသူ တောက်တောက် မတောက်တောက်ကွာ၊ ဝင်မ,သွားရင် ကင်မရာတစ်လုံး တန်ဖိုးက သိန်း (၂၀-၂၅)လောက် ရှိတယ်"

"ဟိတ်ကောင်. . . ငတိ(၁)၊ ငါတူက ပိတောက်ဆိုရင် ပိတောက်ပဲ၊ မင်း စကားမရှည်နဲ့၊ ဟော့ဒီမှာ လက်သီး. . . တွေ့လား၊ ငါတို့ ပိတောက်ပင် သွားရှာကြမယ်"

"ဘာဖြစ်လို့ ပိတောက်ပင် ရှာမတုန်း"

"ဟိတ်ကောင်. . . လက်သီးကို ကြည့်"

"အမလေး. . . **မည်းမည်းကြီး**"

၅ ၅ ၅ ၅





နွေဦးမောင်တို့အဖွဲ့ လမ်းဘေးဝဲယာသို့ကြည့်ရင်း လျှောက်၏။ သစ်ပင်များကို တစ်ကြိမ်တစ်ခါမှ ဤကဲ့သို့ မကြည့်ဖူးသောသူတို့အားလုံး အခုတော့ သစ်ပင်တွေကို ကြည့်နေကြရပြီ။

စိတ်ပျက်တယ်ဗျာ. . . ရင်ထဲမှာ စစ်တုရင် ထိုးနေရသလိုပဲ။ သူ့နှလုံးသားနဲ့ ကိုယ့်နှလုံးသားနှစ်ခု စစ်တုရင် ထိုးရတာလောက် စိတ်ပင်ပန်းတာ မရှိဘူး. . . အမေက ကျွန်တော့်ကို ချစ်ပါတယ်။ ဒါပေမယ့် ကျွန်တော် ချစ်တဲ့လူကိုတော့ အမေက ရှာမပေးနိုင်ဘူး။ အခု ကျွန်တော် ပိတောက်ပင် လိုက်ရှာနေရတယ်၊ ပိတောက်ပင်တစ်ပင် တွေ့ဖို့ ကျွန်တော်လည်း ဆုတောင်းနေမိတယ်။

အဲဒီအချိန်မှာ ရှဉ့်ငပေါ ကိုပေါက်က ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်. . . ငါတွေ့တာတော့ အုန်းပင်တွေကြီးပဲ၊ ပိတောက်ပန်း မပေးပဲ အုန်းသီးပေးရင် မရဘူးလား"

ဒီကောင်တွေကို ကြည့်ပြီး တော်တော်ကို စိတ်ပျက်တယ်ဗျာ။ အောင်မော်ဆိုတဲ့ငတိက နှမတွေ အများကြီး ရှိတော့ စကားနည်းတယ်. . . သူ့ပုံစံက သူပဲ စကားများများ ပြောမိရင် အဲ့ဒီလူကို သူ့နှမထဲက တစ်ယောက်ယောက်နဲ့ သဘောတူသလိုလို ပုံစံမျိုး ဖြစ်နေတယ်။ ကိုပေါက်ကျတော့ တစ်မျိုး။ ပေါက်ပေါက်ရှာရှာ အရမ်းပြောတတ်တယ်။ ပေါက်ပေါက်ရှာရှာလည်း လုပ်တတ်တယ်။ သူ့နာမည်အရင်းက ဝင်းကိုဗျ။ ခင်ဗျားတို့ပဲ စဉ်းစားကြည့်။ တိုရှည် မဝယ်ပဲ တိုရှည်သည် ကုလားမရဲ့နားက နားကပ်ကို မနက်စောစောစီးစီး သွားဝယ်တယ်တဲ့ဗျာ၊

ဒါပေမယ့် ကျွန်တော်ကလည်း သူတို့နှစ်ယောက်စလုံးကို ချစ်သလို သူတို့နှစ်ယောက်ကလည်း ကျွန်တော့်ကို ချစ်ပါတယ်။ အခုလည်း ပိတောက်ပင် ရှာပါတယ်ဆို. . အုန်းသီးခူးခိုင်းနေတယ်။ စဉ်းစားကြည့်ဗျာ၊ ပိတောက်ပန်း ပေးမှ ချစ်မယ့်သူကို ဘယ်လိုလုပ် အုန်းသီးပေးမလဲ. . . ။

ကျွန်တော် လမ်းဘေးဝဲယာကို ကြည့်လျှောက်လာရင်း ဦးငယ်က ကျွန်တော့်ကို အထိတ်တလန့် အော်သည်။

"ဟိတ်ကောင်. . . ငါ့တူ ငတိ၊ ဟိုမှာတွေ့လား၊ ပိတောက်ပင်ကွ. . . ပိတောက်ပင်"

ဦးငယ်၏ထိတ်လန့်စကားကြောင့် နွေဦးမောင်တို့ အုပ်စု





သူတို့ဘယ်ဘက်က ပိတောက်ပင်ကို လှည့်ကြည့်လိုက်ကြတယ်။ ကျွန်တော် တွေ့တယ်ဗျာ။ ပိတောက်ပင်ကြီးကတော့ ဟီးလို့။ ဒါပေမယ့် ပိတောက်ပန်းတွေကတော့ မပွင့်သေးဘူး ခင်ဗျ။ အဖူးတွေက သကြ်န်လေရူးမှာ မြူးနေကြလျက်။

"အမလေး. . . ပိတောက်ပင်တွေ့ပြီ၊ ပိတောက်ပင် တွေ့ပြီ၊ အပင်ကြီးကလည်း ကြီးပါသပေ့နဲ့၊ ရှိခိုးကော်ရော်ပြီးတော့ ဆုတောင်းရမှာပါပဲ"

"ငတိ(၁). . . နေအုံးကွ၊ ပိတောက်ပင်က ပွင့်မှ မပွင့်သေးတာ၊ အဖူးပဲ ရှိသေးတယ်"

"သူ့ဘာသာသူ ဘာရှိရှိ ကျွန်တော် ရှိခိုးတာ မှားသလား"

"ကဲ. . တော်ကြပါတော့ဗျာ၊ ဒီနေရာမှာ ပိတောက်ပင်ကို တွေ့ပြီး ပိတောက်ဖူးတွေလည်း ရှိပြီ၊ မိုးသာ ရွာရင် ဒီပိတောက်ဖူးတွေက ပိတောက်ပန်း ပွင့်ပြီ. . . ကျွန်တော် ဒီပိတောက်ပင်ကို တွေ့ရတဲ့အတွက် အရမ်းဝမ်းသာတယ်ခင်ဗျာ၊ ကျွန်တော် ကိုယ်တိုင်ကို ခုနက ကိုပေါက် ပြောသလိုပဲ လက်အုပ်ချီပြီး ကန်တော့ရမယ်"

နွေဦးမောင်က ဆောင့်ကြောင့်ထိုင်ပြီး လက်အုပ်ချီကာ ပိတောက်ပင်ကို ရှိခိုးသဖြင့် ကိုပေါက်၊ အောင်မော်တို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်းမှာ ဦးငယ်က ခပ်တည်တည်ဖြင့်. . .

"ဟိတ်ကောင်တွေ. . . ဟိုမှာ ရှိခိုးနေကြ မ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဘူးလား၊ အကုန်ရှိခိုးကြလေကွာ"

ဦးငယ် စကားလည်း ဆုံးရော. . . ဟိုကောင်တွေလည်း ဘာခံနိုင်မှာတုန်း။ လက်အုပ်ကလေးတွေ ချီပြီး ပိတောက်ပင်ရှေ့မှာ ဆောင့်ကြောင့်ထိုင်ကြတာပေါ့။

ထိုစဉ်မှာပင် အလွန်ကြီးမားပြင်းထန်သော အသံနှင့် နွေဦးမောင်တို့အုပ်စုကို ပြဿနာ ရှာတော့သည်။

"ဟဲ့. . . နင်တို့က ဘာဖြစ်လို့ ငါ့အိမ်ရှေ့က ပိတောက်ပင်ကို လာရှိခိုးနေရတာလဲ!"

ကျွန်တော် လှည့်ကြည့်တော့ဗျာ၊ မိန်းမကြီးက အရပ်ထောင်ထောင်မောင်းမောင်း. . . လက်မောင်းက ရေသန့်ဗူး နှစ်ဗူးစာလောက် ရှိတယ်။ ခပ်တည်တည်များ တီးလိုက်ရင် ကျွန်တော်တို့အားလုံး လွင့်သွားနိုင်လောက်ပါတယ်။

အဲဒီအချိန်မှာ အကြောက်ဆုံးက ဦးငယ်ပါပဲ။ နွေဦးမောင်ကတော့ တည်တည်ငြိမ်ငြိမ်နှင့် ထိုအန်တီကြီးကို ရင်ဆိုင်ပါသည်။

"အန်တီရယ်. . . ကျွန်တော် သိုက်ဆက်က လာတာပါ။ ကျွန်တော် ငယ်ငယ်ကလေးထဲက သကြံန်နီးလို့ ပိတောက်ပန်းကို မမြင်ရရင် ကျွန်တော် ဆေးရုံရောက်တာပဲ၊ အခု အန်တီတို့ အိမ်ရှေ့မှာ ပိတောက်ပင် တွေ့လို့ ကျွန်တော် ပိတောက်ပင်ရှေ့ လာတာပါ"

"ဟဲ့. . . နင် ဘာဖြစ်လို့ ပိပောက်ပင်ကို ရှိခိုးနေတာလဲ!"

အန်တီကြီးက အဲဒီလို မေးတော့ ကျွန်တော်လည်း တုန်လှုပ်





သွားတယ်ခင်ဗျ၊ ကျန်တဲ့သူတွေလည်း ဘာပြောရမှန်း မသိဘူး၊ သူ့အိမ်ရှေ့က အပင်ကို ကျွန်တော်တို့က သွားပြီး ရှိခိုးမိတဲ့အတွက် ကျွန်တော်တို့က ဖြေရှင်းစရာတစ်ခုတော့ ပေးရတော့မှာပေါ့။

အဲဒီအချိန်မှာ ဦးငယ်က လက်အုပ်ချီရင်းကပဲ ပိတောက်ပင်ကို လက်အုပ်ချီရင်း ပြောပါတယ်။

"အန်တီရယ်. . . ကျွန်တော့်တူက သိုက်ဆက်က လာတာပါ။ အိပ်မက် မက်တော့ အန်တီတို့အိမ်ရှေ့က အခု ပိတောက်ပင်ကို သူမက်သတဲ့. . . ဒီအပင်မှာ ပထမဦးဆုံး ပွင့်တဲ့ပန်းကို အိမ်က ဘုရားစင်မှာ ပွဲထိုးမှ သူ့ရဲ့ဒုက္ခ သူ့ရဲ့သိုက်ဆက် ပျက်မယ် အန်တီရဲ့"

"ဟဲ့. . . နင်တို့ဟာက ဘာတွေတုန်း၊ ငါ့အိမ်ရှေ့က ပိတောက်ပင်မှလား"

"အန်တီ ကျွန်တော် ပြောပါရစေဗျာ၊ ကျွန်တော့် အိပ်မက်ထဲက မက်တာ အန်တီ့အိမ်ရှေ့က ပိတောက်ပင်ပါ၊ ပထမဦးဆုံး ပွင့်တဲ့ ပိတောက်ပန်းကို မခူးရရင် ကျွန်တော်လည်း ဒုက္ခရောက်မယ်၊ အန်တီလည်း ကပ်ကြီးလေးပါး ဆိုက်ပြီး သေနိုင်ပါတယ်၊ ကျွန်တော် မညာပါဘူး၊ အန်တီ မယုံရင်လည်း ပြီးတာပါပဲ"

ထိုစကား ပြောပြီး နွေဦးမောင် လှည့်အထွက်တွင် နွေဦးမောင်က သူနိုင်ပြီဆိုတဲ့အပြုံးနဲ့ လှည့်ထွက်ခြင်း ဖြစ်သည်။

"အမလေး. . . အမလေး. . . ဟဲ့. . . ဟဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



နေကြပါအုံး၊ နင့်အိပ်မက်ကလည်း ဆန်းကြယ်လှချည်လား၊ ငါ့အိမ်ရှေ့က အပင်ကိုမှ အိပ်မက်မက်ရတယ်လို့ဟယ်"

"ဟုတ်တယ် ခင်ဗျာ၊ ဒီအပင်မှာ ရုက္ခစိုး ရှိတယ်"

"အမလေး. . . အဲ့ဒါကြောင့်မို့ ငါ့တူမနဲ့ ငါနဲ့ မတည့်ဘဲ လင်နောက် လိုက်ပြေးတာ ထင်တယ်၊ အဲ့ဒါကြောင့် နင်ပြောလို့ရှိရင် ငါယုံပါပြီ၊ ဆွဲခြင်းတောင်းလေး ခဏကိုင်ထားလိုက်ပါ"

ပြီးတော့ဗျာ. . . အဲ့ဒီအန်တီကြီးက ကျွန်တော့်လက်ကို ကိုင်ပြီး ကျွန်တော်တို့ ပိတောက်ပင်ကို နှစ်ယောက်အတူတူ ရှိခိုးကြသည်။ အန်တီကြီး ရှိခိုးတော့ တော်တော် ကြာတာပေါ့။ ရွတ်လိုက်တဲ့ ဘုရားစာကလည်း စုံလို့ဗျာ၊ ကျွန်တော်က ဘေးနားမှာ မျက်စိမှိတ်ထိုင်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။

"ကဲ. . . ပြီးပါပြီကွယ်၊ အန်တီလည်း ထင်တော့ ထင်ပါတယ်၊ ဒီအိမ်ကို ဝယ်ကတည်းက ဒီပိတောက်ပင်ကို အန်တီ ကြောက်တယ်၊ အခု သားတို့ ပြောမှပဲ ဒီအပင်မှာ ရုက္ခစိုး ရှိမှန်း သိရတော့တယ်၊ သားနဲ့ သိုက်ဆက်ရှိတယ်ဆိုရင်. . . သားကြိုက်သလို ဒီပိတောက်ပင်ရဲ့ပထမဆုံးပန်းကို ယူနိုင်ပါတယ်ကွယ်"

အန်တီကြီးနှင့်သူ အချီအချ ပြောနေချိန်တွင် သူငယ်ချင်းနှစ်ယောက်နှင့် ဦးငယ်က မရယ်ဖြစ်အောင် သူတို့ကိုယ်သူတို့ ထိန်းသိမ်းနေကြသည်။ နွေဦးမောင်က ရိုရိုသေသေ လေးလေး





စားစား ပြောနေတော့ သူတို့ ရယ်ရင် ဒုက္ခရောက်သွားနိုင်သည့်အတွက် တောင်ကြည့်လိုက် မြောက်ကြည့်လိုက် လုပ်နေတာပေါ့ဗျာ။ သူတို့ ဟိုကြည့်ဒီကြည့်ကို နွေဦးမောင်နှင့် စကားပြောရင်း ထိုအန်တီက သိသွားတာပေါ့။

"ဟဲ့. . . နင်တို့ ဘာကြည့်နေတာလဲ!"

ကျွန်တော်တို့ လေးယောက်လုံး ရုတ်တရက်တော့ ဘာပြောရမှန်း မသိဘူးပေါ့ဗျာ၊ ဒါပေမယ့် ဒီလိုနေရာမျိုးမှာ အသက်ကြီးတဲ့ ဦးငယ်က ကျွန်တော်တို့ထက် ပိုတော်ပါတယ်။

"အန်တီ. . . အဲ. . . ညီမလေး. . . အဲ့. . . မဟုတ်သေးပါဘူး၊ ကျွန်တော် ပြောပြမယ်ဗျာ၊ ရုက္ခစိုး ရှိတယ်လို့ ကျွန်တော့်တူက အိပ်မက်မက်ထားတော့ ဒီအပင်မှာ ဘယ်နေရာ နတ်စင်လေး ဆောက်ရင် ကောင်းမလဲလို့ ကြည့်နေတာပါ"

အန်တီကြီး ခဏငြိမ်သွား၏။ ပြီးမှ. . .

"မောင်ရင်တို့ သဘောပါပဲကွယ်"

အန်တီကြီး အဲ့ဒီစကားလည်း ပြောပြီးတော့ ကျွန်တော်တို့ ဝမ်းသာအားရနဲ့. . .

"ကဲ. . . ပြန်ခါနီးမှာ နောက်တစ်ကြိမ်လောက် ရှိခိုးလိုက်ကြရအောင်ကွာ"

လို့ ကျွန်တော် ပြောတော့ အန်တီကြီးကလည်း လက်အုပ်ကလေး ချီပြီး ရှိခိုးပါတယ်။

ကျွန်တော်တို့ ပိတောက်ပင် အော်ပရေးရှင်းကြီး ပြီးဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် ဝမ်းသာအားရနဲ့ ပြန်ထွက်လာတော့ နောက်ဘက်က ထိတ်လန့်တကြားနဲ့ အန်တီကြီးရဲ့အသံကို ကြားလိုက်ရတယ်ခင်ဗျား။

"ဟဲ့. . . ငှါခြင်းတောင်း ငှါခြင်းတောင်း ပြန်ပေးအုံး"



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၇)

ဒီလိုအချိန်မျိုးဆိုရင် ပိတောက် စိတ်ခြောက်ခြားတတ်သည်။ ခပ်ပြင်းပြင်း နွေလေပူပူနှင့်အတူ နွေးထွေးသော နွေလေ တိုက်ခတ်လာလျှင် ပိတောက် ကြောက်သည်။ ပိတောက်ဆိုတာ အပင်ပေါ်က ပိတောက် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လှည်းတန်းမှာရှိသည့် အဆောင်လေးထဲမှ သူ့သူငယ်ချင်း ဖြူမွန်နဲ့ အတူနေသည့် ကုမ္ပဏီက ရှိုးရိုးဝန်ထမ်းလေးတစ်ဦး ဖြစ်ပါသည်။

သူ သကြံန်ကို ကြောက်သည်။ သူ့မှာ ကြောက်စရာ အကြောင်းလည်း ရှိသည်။ သူ့မိခင်နှင့် ဖခင်နှစ်ဦးနှင့် သူ သကြံန်မှာ လည်ရင်း မတော်တဆ ကားဆက်ဆီးဒင့် ဖြစ်ကာ အဖေကော အမေပါ နှစ်ဦးစလုံး ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ ပိတောက်က တော့ ကားနှင့် ညှပ်၍ ခြေသလုံးသား ကွဲအက်ကာ (၁၈)ချက် ချုပ်လိုက်ရသည်။

ထိုအချိန်မှစ၍ ပိတောက်သည် သကြံန်ကို အကြောက်ကြီး ကြောက်သွားခဲ့သည်။ သူ့ကို သကြံန်တွင်းမှာ မွေးသည့်အတွက် အဖေနှင့်အမေက ချစ်စနိုး ပိတောက်ဟု အမည်ပေးသည်။ ဒါပေ မယ့် အဖေနှင့်အမေ နှစ်ယောက်စလုံးသည် သူ့ကို မွေးသော သကြံန်မှာပင် သေဆုံးသွားကြသည်။ ထို့ကြောင့် သူသည် သကြံန်ကို ကြောက်သည်။ မုန်းလည်း မုန်းသည်။

ဒါပေမယ့် သကြံန်သည် တစ်နှစ်တစ်ခါ မြန်မာနိုင်ငံသို့ ကျရောက်ဆဲ ဖြစ်သည်။ မည်သို့မှ တား၍လည်းမရ။ လက်မခံလို့ လည်း မရ။ ယခု တန်ခူးလ သကြံန်သည် ပိတောက်၏အဆောင်ခန်း ကျဉ်းကျဉ်းလေးထဲသို့ သူ့သဘောနှင့်သူ ဝင်ရောက်၍လာသည်။

ထိုအချိန်တွင် ပိတောက် အိပ်ပျော်နေသည်။

"သကြံန်နွှေဦး. . . တူးပို့တူးပို့ × × × "

ထိုသကြံန်သီချင်းသည် ပိတောက် အခန်းထဲ ဝင်လာသည့် အခါ အိပ်ပျော်နေသည့် ပိတောက်သည် ကြောက်လန့်တကြား



အော်ဟစ်ရင်း ကုတင်ပေါ်မှ ထထိုင်သည်။ နံဘေးမှ သူငယ်ချင်း ဖြူမွန်ကသာ သူ့လက်ကို ဆုပ်ကိုင်မထားဘူးဆိုလျှင် သူ နှလုံးသွေး ရပ်သွားနိုင်သည်။

"ဖြူမွန်ရယ်. . . ငါကြောက်လိုက်တာ၊ ဒီသကြံန် အသံတွေကို ငါမကြားချင်ဘူး"

"သူငယ်ချင်းကလည်းကွာ. . . တို့တွေ အတူ အဆောင်ထဲမှာ လုံလုံခြုံခြုံ ရှိနေတာပဲ၊ မင်း ဘာမှ မစိုးရိမ်ပါနဲ့"

"ကိုယ် သကြံန်နဲ့ ဝေးတဲ့နေရာကို သွားချင်တယ် ကွာ"

ပိတောက်က ဖြူမွန်၏လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ရင်း ထိုစကားကို ပြောသည်။ ဖြူမွန်သည် ပိတောက်ကို သူငယ်ချင်းအဖြစ် စခင်ကတည်းက မိမိ၏အစ်မ ညီမတစ်ယောက်လို ချစ်ခဲ့သည်။

"မင်း ဘယ်ကို သွားမှာလဲ! သကြံန်နဲ့ လွတ်တဲ့ နေရာ ဘယ်နေရာကို သွားမှာလဲ!"


"ချောင်းသာကို. . . "

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၈)

အင်္ကျီအထုတ်အပိုးများ ထည့်ပြီး ဇပရယ်က သူငယ်ချင်းများနှင့် ကော်ဖီသောက်သည်။ သီရိက ပြီးခဲ့သည့်နှစ်ရက်က ဝယ်ထားသော ရေစိမ်ခံ SEIKO နာရီလေးကို တမြှောက်မြှောက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကြည့်နေသည်။

"ဟိတ်ကောင်. . . ကားနောက်ကျမယ်"

"ကားနောက်ကျဖို့ထက် စကားနောက်မကျဖို့က ပိုဆိုးတယ်ကွ"

"မင်းက ဘာစကား နောက်ကျဖို့ ရှိလဲ"

မိနှင်းက အသံတိုးတိုးနှင့် အားနာပါးနာ မေးသည်။

"ဟိုတော့လေ. . . နွေဦးမောင်. . ."

ထိုအချိန်တွင် မေမေ ဝင်လာသဖြင့် ဧပရယ် စကားကို ရပ်လိုက်သည်။

"မေမေ ပိတောက်ပန်း လာရောင်းတဲ့ ကောင်လေးတစ်ယောက် လာရင် သမီး ချောင်းသာကို သွားလိုက်ပြီလို့ ပြောပေးပါ"

"ဟဲ့. . . နင်က ချောင်းသာကို သွားမယ့်ကိစ္စ ရှိရဲ့သားနဲ့ ဘာဖြစ်လို့ ပိတောက်ပန်း ဝယ်ထားတာလဲ"

"သမီးက မဝယ်ဘူး အမေ၊ သူက အတင်း ရောင်းလို့ပါ၊ သမီးက အားနာပြီး ဝယ်မယ် ပြောထားလိုက်လို့"

"ဟဲ့. . . အဲဒါဆို ဧပရယ် ငါဝယ်ထားလိုက်မယ်လေ"

"ဟင့်အင်း. . . မဝယ်နဲ့ မေမေ၊ သူက မေမေ့ကို မရောင်းဘူး၊ သမီးကိုပဲ ရောင်းမှာ"

ဧပရယ်အမေက ရင်ဘတ်ကို ဖိရင်း. . .






"အလို. . . ဘုရားဘုရား၊ ခေတ်ကာလ သားသမီးများ တော်တော် ဆန်းကြယ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၉)

ငှဦးနှင့် သူငယ်ချင်းများ ရင်တထိတ်ထိတ်နှင့် ပီတောက်ပင်ရှိရာသို့လာကြသည်။ သကြၤန်ကျဖို့ရက်က တစ်ရက်သာ လိုတော့သည်။

"ဟိတ်ကောင် ငတိ၊ သကြၤန်ကျဖို့က တစ်ရက်ပဲ လိုတော့တယ်၊ မင်း ပီတောက်ပင် ပန်းမပွင့်ရင် ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးငယ်ကလည်းဗျာ. . . ပိတောက်ဆိုတာ မိုးရွာမှ ပွင့်တာ၊ မိုးမရွာပဲနဲ့ ကျွန်တော်က ပိတောက်ကို ဘယ်လိုပွင့်ခိုင်းလို့ ရမလဲ! ပိတောက်ဆိုတာ သူပွင့်ချင်တဲ့အချိန် ပွင့်တာ"

"ဒီကောင်ပြောတာမှန်တယ်၊ သင်္ကြန်မှာ မိုးမရွာရင် ဘယ်ပိတောက်ပင် ပန်းပွင့်မှာလဲ!"

ကိုပေါက် စကားဆုံးတော့ အောင်ဇော်က. . .

"မပွင့်ရင်လည်း ပွင့်လို့ရအောင် လုပ်ကြတာပေါ့ကွာ"

နွေဦးမောင် နည်းနည်း စဉ်းစားသွားသည်။ အန်တီကြီးတို့ အိမ်ရှေ့ရောက်တော့ ပိတောက်ပင်က မပွင့်၊ ပိတောက်ဖူးများကတော့ တန်ခူးလမှာ မြူးမြူးကြီး ရှိနေသည်။ ဦးငယ်နှင့် သူငယ်ချင်းနှစ်ယောက်လည်း ပိတောက်ပင်ကို ကြည့်ပြီး ခေါင်းတခါခါ လည်တရမ်းရမ်းဖြင့် ရှိနေသည်။

"ကျွန်တော့်မာနကို သိက္ခာနဲ့ပဲ ပြချင်တယ်၊ အခုလို ပိတောက်နဲ့ ပြရတော့ ကျွန်တော့်မာန သွားပြီပေါ့၊ ဒီပန်းမပွင့်ရင် သွားပြီ"

ထိုအချိန်တွင် ပိတောက်ပင် ပိုင်ရှင် အန်တီကြီး ဆိုက်ကားဖြင့် ရောက်ရှိ၍လာသည်။ သူ့လက်ထဲတွင်လည်း ခြင်းတောင်းအပြည့်။ ဈေးက ပြန်လာဟန် တူပါသည်။

"ဟဲ့. . . နင်တို့ ဘာလုပ်နေကြတာတုန်း"

"ပိတောက်ပန်း ပွင့်မပွင့် လာကြည့်တာပါခင်ဗျာ"





ဦးငယ် စကားဆုံးတော့ အန်တီကြီးက ထိတ်လန့်တကြား ဆိုသည်။

"သိုက်အဆက် နန်းအဆက်ဆိုတာ ရှိကြစမြဲပါ ဟဲ့၊ နင်နဲ့ ဒီရက္ခစိုးလဲ ဘယ်ဘဝက ရေစက်လဲမှ မသိတာ၊ ဒီတော့ ရေစက်ရှိရင် ပိတောက်ပန်း ပွင့်မှာပေါ့၊ ငါ မနေ့ကပဲ နတ်ကွန်းလေးကို တို့အိမ်ဘေးနားက အရပ်မြင့်မြင့်နဲ့ ဗလကြီးကို ခေါ်ပြီး တိုက်ခိုင်းထားတယ်၊ သပ်သပ်ရပ်ရပ်တော့ မဟုတ်ဘူးပေါ့ဟယ်"

"ခိုင်ပါတယ်ဗျာ. . . ရက္ခစိုးတော့ ကောင်းကောင်း ထိုင်လို့ရပါတယ်၊ ဒါပေမယ့်ဗျာ ကျွန်တော်တို့အရပ်နဲ့ အန်တီ့နတ်ကွန်းနဲ့ မမှီဘူးခင်ဗျာ"

စကားတစ်ခွန်းမှ မပြောဘဲ စိတ်ဓါတ်ကျနေသော နွေဦးမောင်က. . .

"အန်တီ. . ကျွန်တော် ဒီပိတောက်ပင်ကို ပူဇော်လို့ ရမလား!"

"အမလေး. . . မင်းပဲ အသက်သွင်းပေးခဲ့တဲ့ ပိတောက်ပင်ပါကွယ်. . . မင်းပြောခဲ့တဲ့ အကြောင်းတွေကို ငါ ရပ်ကွက်ထဲ လျှောက်ပြောတော့ လူတွေအားလုံးက ဒီပိတောက်ပင်ကို လာလာရှိခိုးကြတယ်"

"ဒါဆို ကျွန်တော်တို့လည်း ရှိခိုးဆုတောင်းလို့ ရတယ်ပေါ့"

"အမလေး. . . ရတာပေါ့ကွယ့်၊ ဒီပိတောက်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကို မင်းပိုင်နေပြီ"

ဝမ်းသာအားရနှင့် ပြောသော အန်တီကြီး စကား ဆုံးသည့်အခါ ဦးငယ်က လူကြီးနေရာ ဝင်သည်။

"ဟော့. . . ငတီသုံးယောက်၊ ရုက္ခစိုးနတ်မင်းကို ပူဇော်တယ်ဆိုတာ လက်အုပ်ကလေးနဲ့တော့ မရဘူး ခင်ဗျား"

"ဗျာ. . . လက်အုပ်နဲ့ မရရင် လက်သီးနဲ့လား"

"ငတီ သုံး. . . တိတ်တိတ်နေ၊ ငတီနှစ်. . . အောင်မော်၊ ဖယောင်းတိုင်ရယ်. . . အမွှေးတိုင်ရယ် သွားဝယ်"

"ကျွန်တော်ပါ လိုက်သွားမယ် ဦးငယ်၊ ဒီပိတောက်ပင်ကြီး ပိတောက်ပန်း ပွင့်ဖို့ ကျွန်တော် ကိုယ်တိုင် လူရောစိတ်ပါ ကူညီချင်လို့ပါ၊ အန်တီရော ကျေနပ်ရဲ့လား"

နွှေဦးမောင် စကားဆုံးတော့ အန်တီကြီးက ရင်တဖိဖိဖြင့်

"လုပ်ကြပါကွယ်. . . လုပ်ကြပါ၊ ပိတောက်ပန်း ပွင့်မှ ငါကံကောင်းမယ်ဆိုရင် ကြိုက်တာသာ လုပ်ကြပါ"

အောင်မော်နှင့် နွှေဦးမောင် ဖယောင်းတိုင်နှင့် အမွှေးတိုင် သွားဝယ်နေတုန်း ရိပ်ခနဲ တက်လာသော မိုးသည် နွှေအပူရှိန်ကို တွန်းလှန်ခြင်းအားဖြင့် အားနှင့် ရွာလေသည်။ ထိုမိုးထဲတွင် မတ်တပ် ရပ်ကြီး ဖြစ်နေသော ဦးငယ်၊ ကိုပေါက်နှင့် အန်တီကြီးတို့မှာ တအံ့





တသြဖြင့် ပိတောက်ပင်ကို ထိုင်ရှိခိုးကြသည်။ အန်တီကြီးကတော့

"အဲဒါမှ မင်္ဂလာအစစ်ကွယ်. . . မင်္ဂလာအစစ်၊ ငါလည်း ကျိန်စာက လွတ်မြောက်ပြီ၊ နင်တို့လည်း လွတ်မြောက်ပြီ၊ ဒီပိတောက်ပင်ကို နင်တို့ လုပ်ချင် တာ လုပ်ပေတော့"

နွှေဦးမောင်နှင့် အောင်ဇော် ပြန်လာတော့ တစ်ကိုယ်လုံး မိုးရေတွေ ရွှဲရွှဲစိုနေသည်။

ဒါပေမယ့် နွှေဦးမောင် မျက်နှာတွင် အားရဝမ်းသာဟန် အပြည့်ရှိသည်။

"ဦးငယ် ဦးငယ် တွေ့တယ် မဟုတ်လား၊ အဲ့ဒါ ကျွန်တော့်ကံပဲဗျ၊ ပိတောက်ပန်း ရပြီ၊ တန်ခူးမှာ ဒီလိုမိုးမျိုး ရွာရင် ဘယ်ပိတောက်ပန်းမှ မပွင့်တာ မရှိဘူး၊ မနက်မိုးလင်းရင် ပိတောက်ပန်း ပွင့်ကို ပွင့်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

ဧပရယ်နှင့် သူငယ်ချင်းများအားလုံး သူတို့ မိဘများက ကြည်ဖြူစွာ ပေးလိုက်သော ကိုယ်ပိုင်ကားလေးပေါ်တွင် ထိုင်ပြီးသည့်အချိန်တွင် ဧပရယ်က ပြောသည်။

"ဟော့ကောင်. . . ဟိုကောင်တော့ ရှူးပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့မလား ဧပရယ်၊ ပိတောက်ပန်းဆိုတာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဘယ်နေရာမှာဖြစ်ဖြစ် ပွင့်တဲ့ ပန်းပဲ၊ သူ တစ်နေရာမဟုတ် တစ်နေရာက ရလာမှာ ပေါ့၊ ရလာပြီး လာပေးရင် သူ့မေတ္တာကို မင်း အသိ အမှတ်ပြုမလား"

ဧပရယ်က ပြုံးရင်း ခေါင်းခါသည်။

"သူ့ပိတောက် ပွင့်အုံး၊ ငါတို့က ချောင်းသာကို သွားနေကြပြီပဲ. . . Sorry ပေါ့"

နှင်းနှင်းက ထိတ်လန့်တကြား ပြောသည်။

"ဟဲ့. . . ဧပရယ် ကြည့်အုံး၊ ကောင်းကင်မှာ မိုးတိမ်တွေ ညို့နေပြီ၊ မိုးရွာတော့မှာ သေချာပြီ"

ဧပရယ်က ကောင်းကင်ပေါ်ကို ကားပေါ်မှ တချက်မော့ ကြည့်သည်။ ဟုတ်ပါသည်။ ကောင်းကင်ပေါ်မှာ မိုးတိမ်မဲတို့ တရိပ်ရိပ်နဲ့ တက်လာကြသည်။ ဒါပေမယ့် သူက တချက်ပြုံးရင်း ပြောသည်။

"အေးလေ. . . မိုးရွာလို့ သူ့ပိတောက်ပန်း ပွင့် ပါစေအုံး၊ တို့က ချောင်းသာကို သွားတာလေ"

ထိုစကား ဆုံးတော့ ဧပရယ် ပြုံးသောအပြုံးမှာ. . . သွေးပြီး သား ဓါးတစ်လက်လို လင်းလက်သွား၏။







www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၁)

"အန်တီ... အန်တီ... ကျွန်တော် ပိတောက်ပန်း လာပေးတာပါ"

"ဟယ်... ကြံကြီးစည်ရာကွယ်၊ အန်တီလည်း အသက်ကြီးပါပြီ၊ အသက်(၆၀) ရှိပါပြီ၊ ဘယ်လိုလုပ် အခုအချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ပန်း ပန်လို့ရမှာလဲ"

ထိုအချိန်တွင် ဦးငယ်က ဝင်သည်။

"ဒီလို အန်တီရဲ့၊ ဒီအိမ်က ဧပရယ် ဆိုတဲ့ ကောင်မလေးက ကျွန်တော်တို့ကို ပိတောက်ပန်း ပို့ဖို့ မှာထားလို့"

"သြော်. . . ဒါဆို သိပြီ. . . သမီးက ပြောသွားတယ်၊ ပိတောက်ပန်း လာရောင်းရင် မဝယ်ပါနဲ့လို့"

နွေဦးမောင် တော်တော် စိတ်ဆိုးသွား၏။ အန်တီကြီးကို စိတ်ဆိုးခြင်းမဟုတ်၊ ဧပရယ်ကို စိတ်နာခြင်းသာ ဖြစ်ပါသည်။ ဒါပေမယ့် နွေဦးမောင် စိတ်ကို ထိန်းကာ အသံရိုးရိုးနှင့်သာ ပြောပါသည်။

"သူမှာထားလို့ ကျွန်တော် လာပို့တာပါ"

"သြော်. . . ဟုတ်ပြီ၊ ချောင်းသာကို မသွားခင် ပြောသွားတယ်. . . ပိတောက်ပန်း လာရောင်းရင် မဝယ်ပါနဲ့တဲ့"

"ခင်ဗျာ. . . ချောင်းသာကို"

"အေး. . . ချောင်းသာကိုလေကွယ်၊ ဒီနေ့မနက် ပဲ သူတို့ သွားကြတယ်"

နွေဦးမောင် ပိတောက်ပန်းကိုင်းကြီး ကိုင်၍ ဘာလုပ်ရမှန်းမသိ။ ရှက်လည်း ရှက်သည်။ မာနကလည်း နှလုံးသားထဲမှာ ဂျပန်ဓါးသမားတစ်ယောက်လို ခုတ်ထစ်နေသလို ခံစားရသည်။ ရှက်တာကလည်း မျက်လုံးကို ဒူးနဲ့ တိုက်သလို ခံစားရသည်။ ဒါပေ





မယ့် သူ့မခံချင်စိတ်ကတော့ သူ့ကို ရိုးရိုးသားသား ခြိမ်းခြောက်နေသည်။

ဘေးက အောင်မော်နှင့် ကိုပေါက်လည်း ဘာလုပ်ရမှန်းမသိ။

ဦးငယ်က အန်တီကြီးကို မေးသည်။

"ချောင်းသာကို သွားတာနော်"

"ဟုတ်တယ်. . . ချောင်းသာကို သွားတာကွဲ့၊ ဒီနေ့မနက်ပဲ ချောင်းသာကို သွားတာ"

"ချောင်းသာဆိုတော့ သာသာယာယာ ရှိတာ ကောင်းပါတယ် ခင်ဗျာ၊ ကျွန်တော်တို့လည်း ချောင်းသာကိုပဲ သွားမှာ"

"ချောင်းသာကို. . . ဦးငယ် ဘာတွေ လျှောက်ပြောနေတာလဲ!"

"ငတိ. . . တိတ်၊ ငါ ပင်လယ်ကို မမြင်ဖူးဘူး၊ မင်းပိတောက်ကို ချောင်းသာကို လိုက်ပေးရမယ်"

"ဟာ. . . ဦးငယ်ရယ်. . . ဖြစ်ပါ့မလားဗျာ"

"ဖြစ်ပါတယ်ကွာ. . . ငါရော. . . ကိုပေါက်ရော. . . ဦးငယ်ရော လိုက်မှာပဲ"

အောင်မော် စကားဆုံးတော့ နွေဦးမောင်က မနိုင့်တနိုင်ဖြင့် အကြာကြီး ထမ်းထားရသော ပိတောက်ကိုင်းကြီးနှင့် လှည့်အထွက် ဦးငယ်၏ဇက်ပိုးကို ပိတောက်ကိုင်းအရင်းက ရိုက်မိသဖြင့် ဦးငယ်မှာ မှောက်ရက်ကြီး လဲလေသည်။



www.burmeseclassic.com

www.burmeseclassic.com




“မင်းပိတောက်ကိုင်းက ငါ့ကို အခုထဲက စ,ဒုက္ခ ပေးနေပါလား”



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

ကား ပေါ်ရောက်တော့ ပိတောက် တော် တော် စိတ်ညစ်သည်။ သကြွန်ကို မုန်းပါသည်ဆိုမှ ပိတောက်ကိုင်း သယ်လာသည့် လူနှင့် လာတွေ့သည်။

“ဖြူမွန်ရယ်. . . ငါစိတ်ညစ်လိုက်တာ”

“သူကလည်း သူ့ကိစ္စနဲ့သူ ရှိမှာပေါ့ဟာ”

www.burmeseclassic.com

www.burmeseclassic.com



"ငါ ပိတောက်ကို ကြောက်တယ်ဟာ"

"ပိတောက်ရယ်. . . နှင့်နာမည်က ပိတောက်ဖြစ်ပြီး ပိတောက်ကို ကြောက်တာ ငါသိပါတယ်၊ ငါနှင့်ကိုယ်စားပဲ ငိုပစ်လိုက်ချင်တယ်"

ထိုအချိန်တွင် နွေဦးမောင်က သူ့ပိတောက်ပန်းအား မထိရန် တစ်ကားလုံးပေါ်မှ လူများအား မှာနေသည်။ 'ပိတောက်' 'ပိတောက်' နှင့် သူ့နာမည် ခေါ်နေသဖြင့် အိပ်၍မရ။ မကျေနပ်ဘဲ ထိုလူ့အား ကြည့်နေမိသည်။

"ပိတောက်ကိုတော့ မထိနဲ့ဗျာ. . . ကျန်တာအားလုံး ကြိုက်တာလုပ်၊ ကျွန်တော့်ဇက်ကို ဒါးနဲ့ ခုတ်ချင်တယ်ဆိုရင်လည်း ဇက်စဉ်းပေးလိုက်မယ်"

ကားပေါ်မှ လူများက ဘာပြောရမှန်းမသိ။ နွေဦးမောင်ကို ခပ်ပေါပေါ ငနဲတစ်ကောင်လို ဝိုင်းကြည့်နေကြသည်။ နွေဦးမောင်ကလည်း ထိုအကြည့်များကို ဂရုမစိုက်။ သူ့ပိတောက်ပန်းကိုသာ ဂရုစိုက်သည်။

"ပိတောက်. . . မင်းကို သက်သက် နောက်နေတာတော့ မဟုတ်လောက်ပါဘူးနော်"

"ဖြူမွန်ရယ် သူနဲ့ငါနဲ့ တစ်ခါမှ မသိဖူးတာ"

ထိုအချိန်တွင် ကားစီး ခရီးသည်များ အားလုံး အိပ်ချင်နေသော (၁၂း၀၀)နှင့် (၁း၀၀)ကြားအချိန်သို့ ရောက်ရှိသွားလေသည်။ နွေဦးမောင်၏ ခုံအနောက်မှ ကိုပေါက်၏ နံဘေးရှိ မိန်းကလေးတစ်ဦးက နွေဦးမောင် သယ်လာသော ပိတောက်ပန်းကို ပန်းတို့၏ရနံ့၊ မိန်းကလေးတို့၏စိတ် နှစ်ခုအနိုင်လုကာ ပန်း၏ရနံ့က အနိုင်ရသွားသဖြင့် ပိတောက်ပန်း တစ်ခက်ကို ချိုး၍ ပန်လေသည်။





ပြီးတော့ နောက်တစ်ခက်. . . နောက်တစ်ခက်. . .။

နွေဦးမောင်နှင့် ဦးငယ် အိပ်ပျော်နေ၍ ထိုအဖြစ်ကို မသိလိုက်ပေ။ ထိုအဖြစ်ကို မြင်သူတစ်ဦးက ပိတောက်သာ ဖြစ်ပါသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"အား. . . သွားပါပြီဗျာ. . သွားပါပြီ၊ ကျွန်တော့် ပိတောက်ပန်းတွေ ဘယ်သူက ချိုးသွားတာလဲ၊ ဒီလောက် ဒုက္ခခံပြီးဗျာ. . . ဒီအထိ လာရတာ၊ ဦးငယ်တို့ ဂရုမစိုက်ဘူးဗျာ. . ."

နွေဦးမောင်၏ ဒေါသတကြီး အော်သံကြောင့် သူငယ်ချင်းနှစ်ဦးနှင့် ဦးငယ် တော်တော် ထိတ်လန့်သွားကြသည်။ ဒီပိတောက်ပန်း ဒီလောက်အထိ အခက်အခဲ အမျိုးမျိုးကြားမှ ရှာခဲ့ရကြောင်း သူတို့အားလုံး အသိပင် ဖြစ်သည်။

"ကျွန်တော် ဧပရယ်ကို ဘယ်လိုမျက်နှာပြရမလဲ၊ ဘယ်မာနနဲ့ ကျွန်တော် လာခဲ့လဲဆိုတာ ဦးငယ်တို့ အသိပါ၊ အခုတော့ သွားပြီ. . . သွားပြီဗျာ"

"ငတိ မင်း စိတ်အေးအေး ထားပါ၊ ဒီပိတောက်





ပန်းကိုင်းကြီးကို မင်းယူလာတယ်ဆိုရင်ပဲ ဧပရယ်က မင်းကို အသိအမှတ် ပြုမှာပါ"

"အဲဒါကို ကျွန်တော် ဒီပိတောက်ကို ဘာလုပ်ရမှာလဲ"

ထိုအချိန်တွင် ပိတောက်တို့က နွေဦးမောင်တို့နှင့် အခန်းချင်း ကပ်လျက် တက်လာကြသည်။ ပိတောက်က တစ်ချက် လှမ်းကြည့်သည်။ နွေဦးမောင်က အော်သည်။

"ပိတောက်ဗျာ. . . ပိတောက်. . . ဒီပိတောက် ကျွန်တော့်ကို အရမ်းဒုက္ခပေးတယ်၊ အရမ်းကို ဒုက္ခပေးတယ်၊ နှလုံးသားကိုလည်း ဒုက္ခပေးတယ်၊ ခံစားမှုကိုလည်း ဒုက္ခပေးတယ်၊ အခု ဒီပိတောက်ကြီးနဲ့ ကျွန်တော် ဘာလုပ်ရမှာလဲ"

"သူငယ်ချင်းရာ. . . မာနအတွက် ဒီလောက်ကြီး ခံစားမနေပါနဲ့၊ လျှော့စရာရှိတာ လျှော့လိုက်ပါ၊ သူလည်း ဒီမှာရှိတယ်၊ တို့လည်း ဒီမှာရှိတယ်၊ ဘယ်နေရာမှာဖြစ်ဖြစ် ဆုံကြတွေ့ကြမှာပေါ့"

အောင်မော် စကားဆုံးတော့ နွေဦးမောင် နည်းနည်းငြိမ်သွားသည်။ ဒါပေမယ့်. . . တဖက်အခန်းကို တံခါးဖွင့်နေသော ပိတောက်၏အကြည့်ကိုတော့ ကိုပေါက်နှင့်ဦးငယ် မြင်လိုက်ရသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဧပရယ်နှင့် သူငယ်ချင်း နှစ်ယောက် ရေကူးနေသည်။ ရေကူးကျွမ်းကျင်သော သီရိက ဧပရယ်ကို ချောင်းသာပင်လယ်ထဲတွင် နှစ်၍နှစ်၍ ပြောစရာ ရှာနေသည်။ ထိုအချိန်တွင် နွေဦးမောင်တို့အဖွဲ့ ရောက်လာသည်။ ပိတောက်ကိုင်းလေးကို ကိုင်လာသည်။ ဒါပေမယ့် ရန်ကုန်မှ တစ်ရက်ကျော်ကျော် သယ်လာသောပိတောက်ပန်းတွေက မလန်းတော့။

ဧပရယ်က အပြုံးနှင့် ချောင်းသာကမ်းခြေမှ တက်လာသည်။

"ဒါ. . . ရှင့်ပိတောက်ပန်းလား!"

"ဟုတ်ပါတယ်. . . ရန်ကုန်ကနေ တကူးတက သယ်လာခဲ့ရတဲ့ ပိတောက်ပန်းပါ. . ပြီးတော့ ချောင်းသာကို သွားမယ်လို့လဲ ကျွန်တော့်ကို မပြောခဲ့ပါလား"





"မိန်းကလေးတစ်ယောက်ကို ချစ်မယ်ဆိုရင် ဒီလိုလုပ်တတ်မှန်း ရှင်မသိဘူးလား"

"ဟိတ် ငတိ. . . တိတ်၊ ဦးငယ် ပြောမယ်၊ တော်တော် ခက်ခက်ခဲခဲနဲ့ ယူလာခဲ့တဲ့ ပိတောက်ပန်းနော်၊ တူမကြီးအတွက် ငါ့တူက စေတနာ ကြီးလွန်းပါတယ်ကွယ်"

"ပန်းက နွမ်းနေပြီ"


ဧပရယ် စကားဆုံးတော့ သီရိက ရယ်သည်။ နှင်းနှင်းကတော့ မရယ်ပါ။ အားနာသော နှင်းနှင်းသည် နွေဦးမောင်ကို သနားနေသည်။ ဒါပေမယ့် နွေဦးမောင်ကတော့ ဧပရယ်မျက်နှာကို တချက်ငေးပြီး သူယူလာသော ပိတောက်ပန်းများကို စိုက်ငေး၍ ကြည့်နေသည်။

တစ်ပွင့်ကြွေစ. . . ပန်းလည်း မလှသော ပိတောက်ပန်းခိုင်ကြီးကို ပခုံးပေါ် ထမ်း၍ ပြန်လှည့်ထွက်သွားသော နွေဦးမောင်ကို ဧပရယ်တို့က ရယ်ကြသည်။ မရယ်သည့်သူတစ်ယောက်ကတော့ နှင်းနှင်းရယ်ပါ. . . နှင်းနှင်းသည် ဧပရယ်ကို နွေဦးမောင်ရဲ့ရည်းစားဖြစ်စေချင်သည်။ သူသည် သူ့လိုပဲ ဖြူစင်စိတ် ရှိသော နွေဦးမောင်ကို သူ့အချစ်ဆုံး သူငယ်ချင်းဖြစ်သော ဧပရယ်နှင့် ရည်းစားဖြစ်စေချင်စိတ် သူ့တွင် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၃)

"ပီတောက်ဗျာ. . . ပီတောက်. . . ပီတောက် အကြောင်းတော့ ကျွန်တော့်ကို လာမပြောနဲ့၊ ဘယ်တော့မှ မပြောနဲ့၊ အဲ့ဒီ ပီတောက်ကို မုန်းတယ်ဗျာ"

"နွေဦးမောင်. . . မင်းစိတ်ကို မင်းထိန်းစမ်းပါကွာ၊ မင်းကလည်း. . . အခုကိစ္စက မင်းမာန ကျဖို့မှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

အောင်မော် စကားဆုံးတော့ ကိုပေါက်က ဝင်ပြောသည်။

"နွေဦး. . . မင်းက ဇပရယ်ကို ချစ်ချင်တာလား၊ မာနကြီးပြချင်တာလား"

နွေဦး နည်းနည်း ငိုင်သွားသည်။ သူ ဘာပြန်ပြောရမှန်းမသိ။

"ဟော့ ငတိ. . . ၁ , ၂ ငါ့တူကို မင်းတို့ ဒုက္ခမပေးနဲ့၊ ငါက အစစအရာရာ တာဝန်ယူပြီး သူ့ကို ခေါ်လာခဲ့တာ"

"ဦးငယ်. . . ဒီကိစ္စကို ဦးငယ် ဝင်မပါပါနဲ့၊ ကျွန်တော်တို့ လူငယ်ချင်း ဆွေးနွေးလို့ ရပါတယ်"

အောင်မော်၏ စကားဆုံးတော့ လူပျိုကြီး ဦးငယ်လည်း ဘာပြောရမှန်းမသိ။

"အေး. . . အဲ့ဒါဆို မင်းတို့ လူငယ်ချင်းပဲ ဆွေးနွေးကြတော့၊ ငါကတော့ ချောင်းသာရဲ့ညအလှကို သွားကြည့်ရအုံးမယ်"

ဦးငယ် ထွက်ခါနီးအချိန်မှာပင် ဒီဘက်အခန်းမှ ပိတောက် ရောက်လာ၏။

"ရှင် ကျွန်မကို မုန်းတယ် မုန်းတယ်နဲ့ ဘာဖြစ်လို့ ပြောနေတာလဲ!"

"ခင်ဗျာ"

"ကားပေါ်မှာထဲက ရှင် ပိတောက် ပိတောက်နဲ့ ပြောနေတာ"





"မဟုတ်ရပါဘူးခင်ဗျာ. . . ကျွန်တော် သယ်လာတဲ့ ပိတောက်ပန်းလေးအကြောင်း ပြောတာပါ"

"ကျွန်မနာမည်ကလည်း ပိတောက်ရှင့်"

"ခင်ဗျာ"

"အစ်မရယ်. . . ဒီလိုပါ၊ ဒီကောင်က ရန်ကုန်က ဒီပိတောက်ကိုင်းကို ခက်ခက်ခဲခဲ. . ."

"ကျွန်မကို အစ်မလို့ မခေါ်ပါနဲ့၊ ကျွန်မက အခုမှ အသက်(၂၀)ပဲ ရှိသေးတယ်ရှင့်"

"ဒါဆို ကောင်မလေး ခေါ်ရမှာပေါ့"

"ခေါ်ချင်ရာခေါ်၊ ပိတောက်ကို ဘာဖြစ်တယ် ညာဖြစ်တယ် မပြောနဲ့၊ အဲ့ဒါဆို စိတ်ဆိုးပြီလို့မှတ်"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာ၏ နောက်တစ်နေ့ နေ့များမှာ စိတ်ဆိုးနေသော ပိတောက်၏မျက်ဝန်းများသည် နွေဦးမောင်အပေါ်သို့ တဒိုင်းဒိုင်းဖြင့် ကျသည်။ နွေဦးမောင် မမြင်သည့်အခါများလည်း ရှိသည်။ မြင်လျှင် ဒိုင်းကနဲ ကျသော ထိုမျက်စောင်းသည် နှလုံးသားကို ခုန်စေ၏။ ရင်ကို တုန်စေ၏။ ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ဖြစ်မှန်းလည်း မသိ ဖြစ်စေ၏။ တော်တော် အစွမ်းထက်သော လက်နက်ကို မိန်းကလေးတွေဆီမှာ ရှိပါကလားဟု နွေဦးမောင် စဉ်းစားမိသည်။

"ဟိတ်ကောင်. . . ငတိ၊ မင်းဘာလုပ်မှာတုန်း၊ ဟိုဘက်ကလည်း မျက်စောင်းနဲ့၊ ဒီဘက်ကလည်း မဲ့ပြုံးနဲ့"

စကားနည်းသော နွေဦးမောင်သည် ထုံးစံအတိုင်း တွေဝေနေသည်။ ပြီးမှ. . .





"ကျွန်တော် မာနတစ်ခု သူ့ဆီက ရတယ်၊ မနက်ဖြန့်. . . သင်္ကြန်စကျတဲ့နေ့လေ၊ ပိတောက်အတွက် တာဝန်ကျေအောင် ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ငါမေးထားပြီးပြီ၊ သူက တကူးတက သယ်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်တဲ့. . . ဒါပေမယ့် ပိတောက်ပန်း အနွမ်းတွေကို ဘယ်မိန်းကလေးက ပန်ချင်မှာလဲတဲ့၊ ဒီတော့ မနက်သင်္ကြန်အကြိုနေ့မှာ သင်္ကြန်ရေဦး လောင်းနိုင်ရင် သူဟာ မင်းကို အဖြေပေးမယ်တဲ့၊ ဒါပဲ ငတိ"

နွေဦး တော်တော် စဉ်းစားသွားရသည်။ နွေဦး စဉ်းစားနေတာကို ကြည့်ပြီး အောင်မော်က အားမလို အားမရ ပြောရသည်။

"ဟိတ်ကောင်. . . မင်း ဘာစဉ်းစားနေတာလဲ၊ သူက ဒီလို ခွင့်ပေးရင် မင်း သင်္ကြန်ရေဦးလေး သွားလောင်းလိုက်ပေါ့. . . ခက်တယ်ကွာ"

"မိန်းကလေးဆိုတာ သူတို့ဆန္ဒကို ရှေ့တန်းတင်ထားတာ၊ ကိုယ်က ချစ်တယ်ဆိုရင် အဲဒီရှေ့တန်းကို သွားမထိနဲ့. . . အလိုလိုက်,လိုက်"

နွေဦးမောင် ခေါင်းတစ်ချက် ငြိမ့်သည်။ ပြီးတော့ စဉ်းစဉ်းစားစားဖြင့် သေသေချာချာ ပြောသည်။

"ကျွန်တော် မနက်ဖြန် ဧပရယ်ကို သင်္ကြန်ရေဦး ရအောင် လောင်းမယ်"

"ဒါမှပေါ့ ငါ့တူ ငတိရာ၊ ဒါမျိုးဖြစ်ရမယ်၊ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ကစ်လေကျရင် မင်း တွေဝေမနေနဲ့၊ လုပ်စရာရှိတာ လုပ်လိုက်"

"ဟုတ်တယ် . . . နွေဦး"

"ငါတို့ကတော့ မနက်မိုးလင်းကို ရင်ခုန်ပြီ ပေါ့ကွာ"

၅ ၅ ၅ ၅





တိတ်တိတ်ဆိတ်ဆိတ် အေးအေးဆေးဆေး နေတတ်သော ဖြူမွန်က ပိတောက်ကို မပြောစဖူး စကားဆန်းဆန်း ပြောသည်။

"နင် သူ့ကို . . . အဲ့ဒီလို သွားမပြောသင့်ဘူး၊ ပိတောက်ဆိုတာ နင့်ကို ပြောတာမဟုတ်ဘူး၊ သူသယ်လာတဲ့ ပိတောက်ကို ပြောတာ၊ သူက အဲ့ဒီပိတောက်ကို ပေးရယ်ဆိုတဲ့ ကောင်မလေးကို ပေးဖို့တဲ့၊ ကားပေါ်မှာတည်းက နင်နဲ့ တွေ့တာပဲ"

"အခန်းချင်းကလည်း ကပ်လျက် ကျတယ်၊ သူကလည်း ပိတောက်ကို မုန်းတယ် . . . မုန်းတယ် အော်နေတော့ ပိတောက် စိတ်ဆိုးတာပေါ့"

"မနက်ကို တောင်းပန်လိုက်ပါဟယ်"

"ယောကျ်ားလေးတစ်ယောက်ကို တောင်းပန်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လောက် စဉ်းစားမရတဲ့စကား ငါ့မှာ မရှိပါဘူး သူငယ်ချင်းရယ်”

“မင်းကော. . . ဒီလိုမျိုး ဖြစ်လာရင် တောင်းပန်မှာလား”

“တစ်ခုခုပေါ့. . . သူငယ်ချင်းရယ်”



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၄)

နောက်နေ့မနက် မိုးလင်းတော့ နွေဦးမောင်လည်း ခရုလည်ဆွဲလေးဝတ် . . . ကျန်တဲ့ လူတွေလည်း ခရုလည်ဆွဲလေး ဝတ်ရင်း . . . ဇေပရယ်ကို ရေလောင်းဖို့ အော်ပရေးရှင်းကြီး တိုင်ပင်ကြသည်။ ဇေပရယ်လည်း သူတို့၏အခန်းမျက်စောင်းထိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



တည်းသည့်အတွက် ရှာဖွေရ လွယ်ကူသည်။ ဦးငယ်က ပြောသည်။

"တေ...ငါ ဇပရယ်ကို ခေါ်ထုတ်လာမယ်၊ မင်းက နောက်ကနေ ဟိုင်တီနှစ်ကောင်နဲ့ လိုက်ခဲ့၊ ဟိုရောက်ရင် မင်း သူ့ကို သကြိန်ရေဦး ရအောင် လောင်း"

"သေချာလို့လား ဦးငယ်ရယ်၊ ဦးငယ် လုပ်လိုက်ရင် တလွဲကြီးပဲ"

"ငါလွဲတာ မဟုတ်ဘူး...ပင်လယ်လို့ ပြောတယ်၊ အပင်လည်း မရှိဘူး၊ လယ်လဲ မလယ်ဘူး၊ လှိုင်းတွေက ကမ်းစပ်ကို ပြေးနေတာ၊ အဲ့ဒီတော့ ဘာဖြစ်လို့ ပင်လယ်လို့ ခေါ်သလဲ...အဲ့ဒီတော့ ငါက လွဲတာလား...သူတို့ဘာသာသူတို့ လွဲနေတာလား၊ မင်း ဒါပဲ စဉ်းစား"

"ကဲ...တော်ပါတော့ ဦးငယ်ရယ်၊ ကျွန်တော် ရေလောင်းဖို့ ကိစ္စကိုသာ လုပ်ပေးပါ၊ ဦးငယ်တစ်ယောက်ထဲ မသွားနဲ့၊ အောင်မော်...မင်းလိုက်သွား ကွာ"

"ဘာလဲ...မင်းက ငါ့ကို စိတ်မချလို့လား"

"မဟုတ်ပါဘူး...ဇပရယ် ထွက်လာရင် အောင်မော်က လာပြောနိုင်အောင်လို့ပါ"

၅ ၅ ၅ ၅





ပင်လယ်ပြင်၏လေကိုတော့ သူရပါသည်။ သို့သော် တန်ခူးလေ၏အပူရှိန်ကြောင့် သူ စောစောနိုးဟန် တူသည်။ သူငှားထားသည့် အခန်းကလေးထဲမှ ကြည့်လိုက်လျှင် ပင်လယ်ပြာကို တည့်တည့်မြင်ရသည်။ ဒီတော့ သကြိန်ကျပြီဆိုတာကိုလည်း သူသိသည်။ သို့သော် ပင်လယ်ကြီးတစ်ခုလုံး ရှိနေမှတော့...သကြိန်သည် ချောင်းသာတွင် မကျနိုင်တော့ဟု သူထင်သည်။ ထိုစိတ်နှင့် သူ အခန်းအပြင်သို့ ထွက်လိုက်သည်။ မနက်မိုးလင်းစ မိန်းကလေးတစ်ယောက်၏ လန်းဆန်းကြည်လင်မှု သူ ခံစားနေစဉ် ဟိုဘက်အခန်းမှ နွေဦးမောင်တို့ ထွက်လာသည်။

နွေဦးမောင်က ဖလားကို ကိုင်ထားသည်။ သူ့သူငယ်ချင်းနှစ်ယောက်က ရေပုံးတစ်ပုံးစီ ကိုင်ထားကြသည်။ သကြိန်ကျသည့် မနက်မှာ သူ့ကို ရေလောင်းဖို့ ကြံသည်ဟု သူထင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားနာတတ်သော ပိတောက်သည် နွေဦးမောင်ကို ကြည့်ပြီး ဆံပင်ကို အသာဖယ်ကာ ကိုယ်ကလေးကို ရှိုသည်။

နွေဦးမောင်ကလည်း ဇေပရယ်ကို ရေလောင်းဖို့အလာ သူ့ကို စိတ်ဆိုးထားသော ပိတောက်က စကားတစ်ခွန်းမှ မပြောဘဲ ရေလောင်းခံသဖြင့် နဂိုကတည်းက အားနာစိတ်ရှိသော နွေဦးမောင် သည် ပိတောက် ဆံပင်ဖယ်ပေးသော ကျောကလေးကို ရေလောင်း ချလိုက်သည်။

ထိုအချိန်တွင် ဦးငယ်နှင့်ဇေပရယ်သည် သူတို့မျက်စောင်းထိုး အခန်းမှ ဆင်းလာကြသည်။

ပိတောက်ကို ရေလောင်းနေချိန်တွင် ဦးငယ်နှင့် ဇေပရယ်က ဆင်းလာခြင်း ဖြစ်သဖြင့် သူတို့နှစ်ယောက်ကို မြင်သွားကြသည်။ နွေဦးမောင်လည်း ဘာလုပ်ရမှန်း မသိပဲ အူကြောင်ကြောင်နှင့် ကျန်ခဲ့သည်။

ဌ ဌ ဌ ဌ





"ငတိ. . . မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ငါ ဟိုမှာ သွားခေါ်တော့ ကောင်မလေးက အလှပြင်နေ တာနဲ့ ကြာနေတာ၊ မင်းက ဒီဘက်က တစ်ယောက်ကို ရေသွားလောင်းတော့ ငါ အရှက်မကွဲဘူးလား! သူက ကော မရှက်ဘူးလား! သင်္ကြန်ရေဦး လောင်းမှ အဖြေ ပေးမယ်လို့ ပြောပြီးပြီ၊ အဲဒီတော့ မင်း အခု ဘာလုပ် မှာလဲ!"

နွေဦးမောင် တစ်ခုမှ မပြောဘဲ ခေါင်းငုံ့ကာနေသည်။ သူငယ်ချင်း အောင်မော်က. . .

"ဒီကောင် အားနာတတ်မှန်းလည်း ဦးငယ် သိရဲ့ သားနဲ့၊ ဇေပရယ်ကို ရေလောင်းဖို့အတွက်မှာ ပိတောက် နဲ့ ဆုံတော့ ပိတောက်က ကိုယ်ကလေး ရှိုပေးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် အားနာပြီး ရေလောင်းလိုက်တာပေါ့"

"တော်ပြီကွာ. . . ဟိုဘက်ကလည်း အဖြေပေးမယ် ပြောလိုက် စိတ်ဆိုးလိုက်နဲ့. . . ဒီဘက်ကလည်း ဘာမှန်း မသိဘူး"

"အေး. . . ငါ့ကို ဧပရယ်က ပြောလိုက်တာတော့. . . သူနဲ့ပိတောက်နဲ့က ကျောင်းကတည်းက ပြိုင်ဘက်တဲ့"

"ဗျာ"

"အေး. . . ဒါကို မင်း သိမထားတော့ ဒုက္ခရောက်တာပေါ့။ သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် အနိုင်မခံချင်ဘူး။ အဲဒီတော့. . . မင်း ဘယ်သူ့ကို ချစ်သလဲ! သေသေချာချာရွေး"

အောင်မော်ကတော့ ဘာမှမပြော၊ ကိုပေါက်ကတော့ ပါးပါးကလေး ပြုံးလေသည်။

"ကျွန်တော်ကတော့ ချစ်တာကိုပဲ ရွေးချင်တယ်ဗျာ၊ အခြေအနေ ပေးတာကို မရွေးချင်ဘူး"







www.burmeseclassic.com

www.burmeseclassic.com







အခန်း(၁၅)

ငပရယ် စဉ်းစားသည်။ သကြ်န်ဦးရေ သူ့ကို မလောင်းဘဲ ပိတောက်ကို လောင်းလိုက်သည့်အတွက် သူ့စိတ်ထဲမှာ တော်တော် ခံစားရသည်။ သကြ်န်ဦးရေ လောင်းဖို့ မှာလည်း မှာထားသည်။ အလောင်းခံဖို့ ခေါ်သူကလည်း လာခေါ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဲ့ဒီလို အထွက်ကျမှ သူက သကြ်န်ဦးရေကို သူ့ကို မလောင်းဘဲ တခြားတစ်ယောက်ကို လောင်းသည်။ အလောင်းခံနေရသူကလည်း သူနှင့် ပြိုင်ဘက် ပိတောက်ဖြစ်နေသည်။

နွေဦးမောင်က ပိတောက်ကို ချစ်တာလား၊ ပိတောက်က နွေဦးမောင်ကို ချစ်တာလား! ထိုမေးခွန်းသည် သူ့နှလုံးသားတွင် ကျွဲနှစ်ကောင် ခတ်နေသလို ခံစားရသည်။

ဒီတော့ သူ နွေဦးမောင်ကို အဖြေပေးလိုက်တော့မည်။ ထိုအကြောင်းကို ပြောပြတော့ သီရိက ရယ်သည်။ နှင်းနှင်းကတော့ ပြုံးသာပြုံး၏။ သီရိက မေးသည်။

"မင်း ချစ်ကော ချစ်ရဲ့လား"

"မခံချင်စိတ်မှာ တစ်ခါတစ်လေ အချစ်ရှိတယ်"





ပိတောက်ကလည်း တွေးသည်။ သူနှင့် သူငယ်တန်းကတည်းက ပြိုင်ဘက် ဇပရယ်နှင့် တိုက်တိုက်ဆိုင်ဆိုင် လာရောက်တွေ့ဆုံရသည့်အတွက် သူ့စိတ်ထဲမှာ ဝမ်းသာမိပါသည်။

အရင်တုန်းက ကျောင်းစာတွေကို ပြိုင်ခဲ့ကြတယ်။ အခု ပြိုင်ရမှာက လူတစ်ယောက်၏ အချစ်ဖြစ်နေသည်။

ပြိုင်ပြီးရသောအချစ်မျိုးကို ပိတောက် မလိုချင်တာ အမှန်ပါ. . . ချစ်ပြီး ရသောအချစ်ကိုပဲ ပိတောက် လိုချင်ပါသည်။

ထို့အတွက် သူသည် နွေဦးမောင်ကို ကိုယ်တိုင် သွားတွေ့ရန် ဆုံးဖြတ်လိုက်၏။ လှပသော ချောင်းသာကမ်းခြေမှာ. . . စေတီလေးတစ်ဆူ ရှိပါသည်။ ထိုစေတီမှာ သူနှင့် တွေ့ရင် ကောင်းမှာပဲဟု ပိတောက် စဉ်းစားသည်။

"ဟိတ်ကောင် ငတိ၊ မင်းကို ပိတောက်က မှာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ချောင်းသာရဲ့ တစ်ခုတည်းသော စေတီလေးမှာ သူစောင့်နေမယ်၊ မင်းလာခဲ့ပါတဲ့. . . အေး. . . အဲ့ဒါ နောက်ဆုံးအကြိမ် မင်းကို ကူညီခြင်းပဲ"

"ဗျာ. . . ဘာကိစ္စလဲ!"

"ဟိတ်ကောင် မင်းနဲ့သူကြားမှာ ဘာကိစ္စရှိလို့လဲ၊ အချစ်ကိစ္စပေါ့ကွာ၊ လူပျိုကြီးက ပြောရတာ ခက်တယ်"

"ကျွန်တော်. . . ကျွန်တော်. . . သွားရမှာလား"

"မင်း. . . သွားရမှာပေါ့. . . မသွားရင် မင်းရဲ့ ဦးကြီးလုပ်တဲ့ငါ မျက်နှာကြီး ပျက်မယ်"

ထိုအချိန်တွင် မကြာသေးမီက လှစ်ခနဲ ထွက်သွားသော အောင်မော်နှင့် ကိုပေါက်တို့ နှစ်ယောက် ပြန်ရောက်လာသည်။ ကိုပေါက်က မောမောနှင့် ပြောသည်။

"နွေဦး. . . နွေဦးရေ. . . ဧပရယ်က ကျောက်မောင်နှမက စောင့်ပါ၊ မင်းကို အဖြေပေးချင်လို့၊ အဲ့ဒါ သူ့ရဲ့နောက်ဆုံးဆန္ဒပါပဲတဲ့"

"ဟာ. . . ဒုက္ခပဲ၊ ပိတောက်က ဒီဘုရားမှာ၊ သူက ကျောက်မောင်နှမမှာ၊ ဟိတ်ကောင် ငတိ နွေဦး၊ မင်းဘာလုပ်မှာလဲကွာ! မျိုးနဲ့ရိုးနဲ့ နေခဲ့တဲ့ ငါတို့ရဲ့ ဂုဏ်သိက္ခာတော့ မဖျက်ပါနဲ့. . . တစ်ခုခုတော့ လုပ်ပါကွာ"

အမြဲတမ်း အားနာတတ်သော နွေဦးသည် ဘာလုပ်ရမှန်း





မသိ။ ပိတောက်ဆီ သွားမည်ဆိုလျှင် သူ ဧပရယ်ကို အားနာသည်။ ဧပရယ်ဆီ သွားမည်ဆိုရင်လည်း ပိတောက်ကို အားနာသည်။

အားနာတတ်သည့်လူများကို ပျော့ညံ့သည်ဟု သတ်မှတ်မည့်အစား ကြင်နာတတ်သည်ဟု ပြောမည်ဆိုလျှင် ပို၍သင့်တော်ပါသည်။

ထိုသို့နှင့် နွေဦးမောင်သည် ဧပရယ်နှင့်လည်း အိမ်ထောင်မကျ၊ ပိတောက်နှင့်လည်း အိမ်ထောင်မကျ။

အားနာလွန်းသဖြင့် သူ့ထက် နှစ်ဆဝသော မိန်းမကြီး တစ်ယောက်နှင့် အိမ်ထောင်ကျသွားပါသည်။



www.burmeseclassic.com


www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com